ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်၊ အင်္ဂါနေ့၊ (6-6-2006) (၄၉၈၀)

နိုင်ငံတော်၏ဥပဒေစည်းမျဉ်းဘောင်အတွင်းက မိမိတို့၏လူမှုအခွင့်အရေးများကို ခံစားရင်း နိုင်ငံတော် တည်ငြိမ်အေးချမ်းအောင်၊ တရားဥပဒေစိုးမိုးအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် ပါဝင်ကြိုးပမ်းဆောင်ရွက်ကြရေးသည် နိုင်ငံသူ နိုင်ငံသားတိုင်းအတွက် အခွင့်အရေးဖြစ်သကဲ့သို့ တာဝန်လည်းဖြစ်။

သယံဇာတများနှင့်ပတ်သက်သည့် သုတေသနလုပ်ငန်းများ၊ သက်ဆိုင်ရာတက္ကသိုလ်အလိုက် အထူးပြုပညာရပ်များကို တက္ကသိုလ်၊ ကောလိပ်အချင်းချင်း ဆက်သွယ်ပေါင်းစပ် ပညာမျှဝေ သုတေသနလုပ်ငန်းများ တီထွင်ဆောင်ရွက် နိုင်ငံတကာတိုးတက်မှုများနှင့်ယှဉ်တွဲလိုက်ပါပြီး မိမိနိုင်ငံ၊ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်လာစေရေးအောင် ကြိုးပမ်း ဒီမိုကရေစီကိုလိုလားသော နိုင်ငံသူ နိုင်ငံသားတိုင်း နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တိုးတက်မှုအတွက် ပူးပေါင်းဖော်ဆောင်

နေပြည်တော် ဇွန် ၅

ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင်များ၊ တရားရုံးချုပ် (မန္တလေး)မှ ဒုတိယတရားသူကြီးချုပ်၊ ဒုတိယရှေ့နေချုပ်၊ တပ်မတော်အရာရှိကြီးများ၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ➪

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✱ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

➪ *ခေတ်နှင့်အညီ ဆန်းသစ်တီထွင်သည်ဟုဆိုရာတွင် ပြည်ပမှတေးဂီတများကို တစ်သဝေမတိမ်းအတုယူပြောင်းလဲကျင့်သုံးရန်မဟုတ်ဘဲ မြန်မာ့တေးဂီတအား အရိုးပေါ်အရွက်မဖုံးစေဘဲ ခေတ်မီ တီထွင်ကြရန်သာဖြစ်သည်။*

(ခေါင်းကြီး) စာမျက်နှာ-၂

➪ *သာသနာရိပ်ကျယ်ပြန့်သော ဤမြန်မာနိုင်ငံဝယ် နိုင်ငံသားများအဖို့ သာသနာတော်ကိုကြည်ညိုမြတ်နိုးစွာ ပစ္စည်းလေးပါးဖြင့် ထောက်ပင့်ချီးမြှောက်နိုင်မှုမှာ ဤကမ္ဘာရှိ တခြားလူသားများလို ဖြစ်စေနိုင်ခဲ့သော အားထုတ်မှု မမည်တော့ဘဲ ခြွင်းချက်သဖွယ် ဖြစ်တည်လျက်ရှိတော့၏။*

ရတနာစည်ဆရာတော်(လှိုင်လင်)၏ "ထေရဝါဒ ဗုဒ္ဓ သာသနာ ပထမမြန်မာ" (ဆောင်းပါး) စာမျက်နှာ-၃

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

၆–၆–၂၀၀၆
(အင်္ဂါနေ့)

မြန်မာ့ဂီတ ဆန်းသစ်တီထွင် အရိုးကိုအရွက်မဖုံးစေချင်

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအတွက် မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ရေးသည် လွန်စွာ အရေးကြီးသည်။ မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို တည်တည်တံ့တံ့ ထိန်းသိမ်းစောင့်ရှောက်နိုင်မှုမရှိပါက အမျိုးဂုဏ်၊ ဇာတိဂုဏ် လျော့ပါးပြီး နိုင်ငံနှင့်လူမျိုးပါ ပျောက်ကွယ်သွားနိုင်သည်ကို အစဉ်သတိပြုကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် ကမ္ဘာ့နိုင်ငံများအကြား ဆက်စပ်ယှက်နွယ် ပြောင်းလဲဖြစ်ထွန်းမှုများ ပေါ်ပေါက်လျက်ရှိသည်။ ခေတ်မီသတင်းနှင့်ဆက်သွယ်ရေး နည်းပညာများကိုအသုံးပြု၍ ယဉ်ကျေးမှုတံခါးပေါက်၊ စီးပွားရေးတံခါးပေါက်များမှတစ်ဆင့် တိုင်းတစ်ပါးယဉ်ကျေးမှုများ အလျဉ်မပြတ် စိမ့်ဝင်ထိုးဖောက်လျက်ရှိသည်။

ယင်းသို့သောအခြေအနေတွင် မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့လူမှုပတ်ဝန်းကျင် ဓလေ့စရိုက်နှင့် မကိုက်ညီသည့် သရုပ်ပျက် ဓလေ့စရိုက်များကို မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုနယ်ပယ်တွင် စွဲထင်မကျန်ရစ်စေရန် ကာကွယ်တားဆီးသွားကြရန် လိုအပ်မည်ဖြစ်သည်။

အထူးသဖြင့် လူငယ်လူရွယ်များသည် ပြည်ပမှ ဝင်ရောက်လာသည့် အဆို၊ အက၊ တေးဂီတယဉ်ကျေးမှုကို ခေတ်ရေစီးကြောင်းဟု သတ်မှတ်ယူဆကာ အတုယူမမှားမိစေရန် သတိပြုကြရမည်ဖြစ်သည်။

တေးဂီတအနုပညာသည် ပြည်သူအများနှင့် ဆက်စပ်ထိတွေ့ ရင်းနှီးမှုများပြားလှသဖြင့် တိုးတက်ပြောင်းလဲလာသည့် ခေတ်နှင့်အညီ မြန်မာ့ဂီတကို ဆန်းသစ်တီထွင်မှုရှိရန် လိုအပ်လာသည်။ မြန်မာ့ဂီတအဆင့်အတန်း တိုးတက်မြင့်မားလာရေး လုံ့လစိုက်၍ အားထုတ်ကြရဦးမည်။ တစ်ချိန်တည်းတွင် မြန်မာ့သုခုမတေးဂီတအနုပညာကဏ္ဍအလိုက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်ကိုလည်း ဆက်လက်ထိန်းသိမ်းကြရမည်ဖြစ်သည်။

ခေတ်နှင့်အညီ ဆန်းသစ်တီထွင်သည်ဟု ဆိုရာတွင် ပြည်ပမှ တေးဂီတများကို တစ်သဝေမတိမ်း အတုယူပြောင်းလဲ ကျင့်သုံးရန်မဟုတ်ဘဲ မြန်မာ့တေးဂီတအား အရိုးပေါ်အရွက်မဖုံးစေဘဲ ခေတ်မီတီထွင်ကြရန်သာဖြစ်သည်။ တစ်နည်းအားဖြင့် ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်သံစဉ်ဖြင့် မြန်မာ့ဂီတ ဆန်းသစ်တိုးတက်လာရေး တီထွင်ကြံဆထုတ်လုပ်လာနိုင်သည်နှင့်အမျှ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ရိုးရာယဉ်ကျေးမှုကို အခြေခံ၍ မြန်မာ့ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားထည်ဝါနေမည်သာ ဖြစ်ပါသည်။ ။

လေးမျက်နှာမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇွန် ၅

လေးမျက်နှာ မြို့နယ်အသင်း၏ ဩဝါဒါစရိယ အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ(၇၇) ပဓာနနာယက ဆရာတော်၊ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရအား အမှူးထား၍ လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်) ၏ ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲအခမ်းအနားကို ယင်းကျောင်း၌ ဇွန်၁၈(တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဝါဆိုသင်္ကန်းနှင့် ရဟန်းအသုံးအဆောင်ပစ္စည်းများ ပါဝင်သော ဝါဆိုခြင်းများအားလှူဒါန်းလိုသည့် အသင်းဝင်များ၊ မြို့နယ်သူမြို့နယ်သားများသည် ဒုတိယဥက္ကဋ္ဌ ဦးဘထွေး ဖုန်း–၆၉၉၀၀၃၊ ဒုတိယဥက္ကဋ္ဌ ဦးကြီးမြင့် ဖုန်း–၆၅၁၆၉၃၊ ဦးဌေးကြူ ဖုန်း–၆၈၀၇၃၉၊ ဦးခင်ချို ဖုန်း–၆၆၃၉၁၁၊ အတွင်းရေးမှူး ဦးမောင်မောင်သွင် ဖုန်း–၅၁၃၄၃၈၊ ဦးတင်စိုး ဖုန်း–၅၂၆၀၀၆၊ ဦးအောင်သူ ဖုန်း–၆၈၁၄၂၄တို့ထံ ကြိုတင်ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ငမိုးရိပ်၊ ဂျိုးဖြူ ရေသွယ်ယူရေး ရေပိုက်ချအခမ်းအနား ဒေါပုံမြို့နယ်၌ကျင်းပ

ရန်ကုန် ဇွန် ၅

ဒေါပုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးစီးဆောင်ရွက်သည့် ဒေါပုံမြို့နယ် ယမုံနာ(၁)ရပ်ကွက်၊ (၂)ရပ်ကွက်၊ ဓေယျာသီရိရပ်ကွက်နှင့် သဘော်ကျင်းရပ်ကွက်များသို့ ငမိုးရိပ်၊ ဂျိုးဖြူရေသွယ်ယူရေး မင်္ဂလာရေပိုက်ချအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဒေါပုံမြို့နယ် ယမုံနာလမ်းနှင့် ဓေယျာသီရိ(၅)လမ်းဆုံ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံများဖြစ်ကြသည့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့ တက်ရောက်ကြပြီး မင်္ဂလာရေပိုက်ကို မြေသို့ စတင်ချပေးကြသည်။ (အပေါ်ပုံ)

အခမ်းအနားသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးတင်စိုးနှင့် ကော်မတီဝင်များ၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူးနှင့် ဝန်ထမ်းများ၊ ရန်ကုန်တိုင်းပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းနှင့် အရှေ့ပိုင်းခရိုင်အတွင်းရေးမှူး၊ ဒေါပုံမြို့နယ်နှင့် သာကေတမြို့နယ်အသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရေသွယ်ယူရေးကော်မတီဝင်များနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မင်္ဂလာအချိန် ကျရောက်သည်နှင့် အချင်းရှစ်လက်မရှိ မင်္ဂလာရေပိုက်ကို ယမုံနာလမ်းနှင့် ဓေယျာသီရိ(၅)လမ်းဆုံတွင် ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသည့် မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့သည် မြေအတွင်းသို့ စတင်ချပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ ငမိုးရိပ်၊ ဂျိုးဖြူ ရေသွယ်ယူရေး မင်္ဂလာရေပိုက်ချပွဲနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ဒေါပုံမြို့နယ် သဘော်ကျင်းရပ်ကွက် မြို့မလမ်းနှင့် သဘော်ကျင်း (၆)လမ်းဆုံရှိ မဏ္ဍပါလမွှာရုံ၌ ကျင်းပရာ အစီအစဉ်အရ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ဒေါပုံမြို့နယ် ဓေယျာသီရိရပ်ကွက်၊ သဘော်ကျင်းရပ်ကွက်နှင့် ယမုံနာ (၁၊ ၂) ရပ်ကွက်တို့မှ ပြည်သူများ၏ အသင်းဝင် အဆိုပြုလွှာ ၅၀၄ စောင်ကို ရေသွယ်ယူရေးကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့်ဦးသိန်းထွန်းအောင်နှင့် ဦးမြစိန်တို့က ပေးအပ်ကြရာဗဟိုအလုပ်အမှုဆောင်မြို့တော်ဝန်က အသင်းဝင်အသိအမှတ် ပြုကတ်ပြားများ ပြန်လည်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (၁၉)

မင်းကွန်း ဓမ္မသာရ ဆရာတော် ဓမ္မသဘင်

ရန်ကုန် ဇွန် ၅

မင်းကွန်းတောင်ရိုး ဓမ္မသာရ ရေ၊ မီး၊ ဆွမ်း၊ ဆေး အလှူတော်နှင့် ဗုဒ္ဓတစ်ထောင် အလှူတော်ကြီး၏ ပဓာနဦးဆောင်ဆရာတော် ဘဒ္ဒန္တ ဓမ္မသာရ (ဒီဃဘာဏက) အရှင်သူမြတ်သည် သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံဘုရားတောင်ဘက်မုခ်ရှိ ပြားတစ်ရာဓမ္မာရုံကြီး၌ ဇွန် ၁၀ရက် (နယုန်လပြည့်) မွန်းလွဲ ၁၂နာရီခွဲတွင် ဦးမြသောင်း၊ ဒေါ်သိန်းလှဦးစီးသော သဃ်န်းကျွန်းဈေးကြီး ဈေးသူ၊ ဈေးသားများ၏ (၁၀)ကြိမ်မြောက် ရေ၊ မီး၊ ဆွမ်း၊ ဆေး ပဒေသာပင် စုပေါင်းရေစက်ချတရားပွဲတွင် တရားဟောကြားမည်ဖြစ်၍ ဓမ္မမိတ်ဆွေသူတော်စင်များနှင့် အလှူရှင်များ ကြွရောက်တရားနာယူကြရန် ဖိတ်ကြားထားသည်။ (က–ပ)

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဗိုလ်တထောင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသော ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကို ဇွန် ၄ ရက်က ဗိုလ်တထောင်မြို့နယ် အထက(၆) အောင်ကျော်ခန်းမ၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ထွေးကြည် ပညာပေးဟောပြောစဉ်။ (ကြေးမုံ)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ပဲခူးမြို့ အောင်သုခဆရာတော်ကြီးအား အမှူးထား၍ တပည့်ယောဂီများက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် ဂိလာန သံဃာတော်များအတွက် တိုးချဲ့ခြောက်ထပ် ဆေးကုသဆောင်အသစ် ဆောက်လုပ်ရန် မတည်ငွေကျပ် ၁၅၃သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်နှင့် အဖွဲ့ဝင်များက လက်ခံယူကြစဉ်။ (က–ပ)

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကို ဒေါပုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ဇွန် ၃ရက်က ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာ ဆွေဆွေဝင်း ဆေးလိပ်နှင့်ဆေးရွက်ကြီး အန္တရာယ်အကြောင်း ဟောပြောစဉ်။ (သတင်းစဉ်)

ထေရဝါဒဗုဒ္ဓသာသနာ ပထမမြန်မာ

ရတနာစည်ဆရာတော်(လှိုင်လင်)

(က)

သာသနာနှစ် ၂၅၅၀ ပြည့်၊ ကောဇာ ၁၃၆၈ ခုနှစ် နယုန်လဆန်း ၁ ရက် (၂၇-၅-၂၀၀၆) တွင် ရန်ကုန်မြို့ သီရိမင်္ဂလာကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပအပ်ပါသော (၅၈)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋက ကောဝိဒ ချီးကျူးပူဇော်ပွဲကြီးကို။

ယင်းပူဇော်ပွဲကြီးသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ပူဇော်၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက ပိဋကနှစ်ပုံခွဲအောင် မူလအာဘိဓမ္မိက ဘွဲ့တံဆိပ်တော်ရ အရှင်မြတ် နှစ်ပါးဖြစ်ကြသည့် အရှင်သီလာစာရ(ဒဂုံမြို့နယ် တိပိဋက ကျောင်းတိုက်)နှင့် အရှင်သုန္ဒရ(ရန်ကင်းမြို့နယ် ပဋ္ဌာနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက်)တို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်ပူဇော်၏။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ပိဋကနှစ်ပုံရေးဖြေအောင် အရှင်မြတ်နှစ်ပါး၊ ပိဋကနှစ်ပုံ အာဂုံအောင် အရှင်မြတ်တစ်ပါး၊ ပိဋကတစ်ပုံရေးဖြေအောင် အရှင်မြတ် တစ်ပါး၊ ပိဋကတစ်ပုံ အာဂုံအောင် အရှင်မြတ် ၁၈ ပါးနှင့် ဝိနယပိဋက ပထမပိုင်း အာဂုံရော ရေးဖြေပါ အောင်မြင်သော အရှင်မြတ် ၄၉ ပါး စုစုပေါင်း သာသနာ့ အာဇာနည် အရှင်မြတ် ၇၃ ပါးတို့အား ဘွဲ့တံဆိပ်တော်များ၊ အောင်လက်မှတ်များကို အသီးသီး ဆက်ကပ်ပူဇော်ကြ၏။ ထို့ပြင် လှူဖွယ်ဝတ္ထုပစ္စည်းတို့ဖြင့်လည်း ပစ္စယာနုဂ္ဂဟမြောက် ချီးမြှောက်ပူဇော်ကြ၏။

ယင်းပူဇော်ပွဲကြီး၌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၏ သာသနာရေးဆိုင်ရာ လျှောက်ထားချက်မှ ကောက်နုတ်အပ်သော အောက်ပါစကားရပ်သည် ထေရဝါဒဗုဒ္ဓသာသနာ ပထမမြန်မာကို ကောင်းစွာထင်ဟပ်ထား၏–

"တိပိဋကဓရ၊ တိပိဋက ကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးသည် အာဂုံဆောင်စွမ်းရည်နှင့် ကျမ်းဂန်နှံ့စပ်မှုရှိတော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များ၏ ဉာဏ်ကျက်စားရာ စာမေးပွဲကြီးဖြစ်ပါကြောင်း။ ယင်းစာမေးပွဲကြီးကို ရက်ပေါင်း ၃၃ ရက်တိုင်တိုင် ကျင်းပရက် ကာလရှည်စွာ ကျင်းပရသည့် စာမေးပွဲကြီးဖြစ်သဖြင့် ကမ္ဘာအရပ်ရပ်တွင် မည်သည့်နိုင်ငံမှာမှ မကျင်းပနိုင်ဘဲ မြန်မာနိုင်ငံတစ်နိုင်ငံတည်း၌သာ ကျင်းပနိုင်ခြင်းကြောင့် အလွန်တရာ ဂုဏ်ယူဖွယ်ရာကောင်းသော စာမေးပွဲကြီးဖြစ်ပါကြောင်း"

ပီတိလှိုက်လှိုက် ရင်၌သိမ့်သိမ့် ဘဝင်စိမ့်မျှ ချိုအိမ့်သော ရသပြည့်ကထာ ဖြစ်ပါသည်။

ယင်းစာမေးပွဲကြီး၏ အဆင့်နှင့်အမြင့်ကို အနှစ်ချုပ် သုံးသပ်ကြည့်ကြပါစို့။

၄၅ ဝါပတ်လုံး မြတ်ဗုဒ္ဓဟောကြားတော်မူသော ပါဠိတော်တို့ကို အုပ်စုခွဲလိုက်သော် နိကာယ်ငါးရပ်ဟုဖြစ်လာ၏။ ယင်းကို ပုံနှိပ်သောအခါ စာအုပ်ရေပေါင်း ၄၀ တိတိဖြစ်လာ၏။ စာမျက်နှာပေါင်း တစ်သောင်းသုံးထောင်ကိုးဆယ့်လေး (၁၃၀၉၄) မျက်နှာရှိပြီး အက္ခရာလုံးရေပေါင်း သိန်းတစ်ရာ့တစ်ဆယ် နှစ်သောင်း တစ်ထောင် ခုနစ်ရာငါးဆယ် (၁၁၀၂၁၇၅၀) တိတိရှိကြောင်း သုတေသီ တို့အဆိုရှိ၏။ ယင်းနိကာယ်ငါးရပ်ထဲမှ ရဟန်းတို့၏ ကိုယ်ကျင့် သိက္ခာပိုင်းဖြစ်သော ဝိနည်း၊ ရဟန်းတို့၏ စိတ်ပိုင်း (တည်ငြိမ်မှု) ဖြစ်သော သုတ္တန်၊ ရဟန်းတို့၏ ဉာဏ်ပိုင်း (ထိုးထွင်းမှု) ဖြစ်သော အဘိဓမ္မာဟု သုံးပိုင်းပိုင်း၍ သင်ရိုးပိဋကသုံးပုံအဖြစ် တည်ရှိလာ၏။

ဝိနည်း ငါးကျမ်း၊ စာအုပ်ရေ ငါးအုပ်၊ စာမျက်နှာပေါင်း ၂၁၉၇ မျက်နှာ၊ သုတ်သုံးကျမ်း၊ စာအုပ်ရေ သုံးအုပ်၊ စာမျက်နှာပေါင်း ၈၈၈မျက်နှာ၊ အဘိဓမ္မာ ခုနစ်ကျမ်း၊ စာအုပ်ရေ ၁၂အုပ်၊ စာမျက်နှာပေါင်း ၄၉၄၁ မျက်နှာ၊ စုစုပေါင်း ကျမ်းအရေအတွက် ၁၅ ကျမ်း၊ စာအုပ်အရေအတွက် ၂၀၊ စာမျက်နှာအရေအတွက် ၈၀၂၆ မျက်နှာပေါ်ရှိ ပါဠိတော်အက္ခရာ စာလုံးတို့ကို တစ်လုံးမကျန် နှုတ်တက်အရကျက်၍ အထစ်အငေါ့မရှိ အာဂုံပြန်ဆိုနိုင်မှသာ တိပိဋကဓရ ဘွဲ့တော်ကိုရရှိပြီး ပါဠိတော်နှင့် အဖွင့်အဋ္ဌကထာ၊ ဋီကာလာအဓိပ္ပာယ်များကို ရေးဖြေနိုင်မှသာ တိပိဋက ကောဝိဒ ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူနိုင်၏။

ထို့ကြောင့် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ကို သဒ္ဓါဗိုလ်(ယုံကြည်ချက် အင်အား)၊ ဝီရိယဗိုလ် (ခွဲ)လုံ့လအင်အား၊ သတိဗိုလ် (စူးစိုက်မှုအင်အား)၊ သမာဓိဗိုလ် (တည်ကြည်မှုအင်အား)နှင့် ပညာဗိုလ် (ဉာဏ်ထက်မြက်မှုအင်အား)ဟူသော **'ဗိုလ်ငါးပါး၊ အားငါးတန်'** ထက်သန်ပြည့်ဝကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များသာရရှိပိုင်ဆိုင်ကြလေရာ ထိုသာသနာ့အာဇာနည်များ ထွန်းကားတောက်ပလျက်ရှိသော မြန်မာသည် ထေရဝါဒ ဗုဒ္ဓသာသနာ ပထမမြန်မာဖြစ်လျက်ရှိတော့၏။

(ခ)

ယင်းတိပိဋကဓရ တိပိဋကကောဝိဒ ပူဇော်ပွဲကြီး၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ (မကွေးဆရာတော်ကြီး) မိန့်ကြားတော်မူအပ်သော ဩဝါဒကထာမှာလည်း မှတ်သားဖွယ်နှင့်နှင့်ချည်းသာဖြစ်ဘိ၏။

"နေမင်းတည်ရှိနေသမျှကာလပတ်လုံး အလင်းရောင် တည်ရှိနေသကဲ့သို့ ပိဋကတည်ရှိနေသမျှ ကာလပတ်လုံး သာသနာတည်ရှိနေလိမ့်မည်။ နေမင်းကွယ်ပသွားသောအခါ အမိုက်မှောင် ဖုံးလွှမ်းလာသကဲ့သို့ ပိဋက ကွယ်ပသွားသောအခါ (မသူတော်တရားဟူသော) အဓမ္မ အမိုက်မှောင်ကြီး ဖုံးလွှမ်းလာလိမ့်မည်" ဟု ဥက္ကဋ္ဌဆရာတော်ကြီးက အင်္ဂုတ္တရအဋ္ဌကထာ ပထမတွဲ စာမျက်နှာ ၇၂ ကို ညွှန်းဆို မိန့်ကြားသည်မှာ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအားလုံး မဆုံးတမ်း နှလုံးသွင်းနေဖို့ ဖြစ်၏။ ထိုပိဋကဟုဆိုအပ်သည့် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာတို့ကို ပို့ချသင်ကြားခြင်း၊ မှတ်သားသင်ယူခြင်းတည်းဟူသော ပရိယတ္တိသာသနာသည် သာသနာသုံးရပ်တွင် အရင်းမူလပဓာနဖြစ်ကြောင်း မိန့်ကြား၏။ "ပရိယတ္တိယာ ဓရမာနာယ သာသနံ အန္တရဟိတံနာမ နဟောတိ=ဘုရားဟော ပိဋကတ်ကို သင်ကြားသင်ယူနေသမျှကာလပတ်လုံး သာသနာကွယ်ခြင်းမည်သည် မဖြစ်နိုင်"ဟု အဋ္ဌကထာ (အံ၊ ဋ္ဌ၊ ၁၊ ၇၂) ၌ တိတိကျကျ မိန့်ဆိုထားပုံကို ဥက္ကဋ္ဌဆရာတော်ကြီးက သာဓကပြတော်မူ၏။ ယင်းနောက် ပရိယတ္တိကျွမ်းကျင်နှံ့စပ်ပြီးသော် ပဋိပတ္တိလမ်း ဆက်လက်လျှောက်လှမ်းနိုင်ရေးကိုလည်း အားပေးတိုက်တွန်းတော်မူ၏။

ထိုမှတစ်ပါး ပဓာနသုတ်(အံ၊ ၁၊ ၅၁) ၌လာရှိသော ဒုရာဘိ သမ္ဘဝ နှစ်မျိုးကို ထုတ်ဆောင်ပြကာ ဗုဒ္ဓဘာသာဝင်များအနေဖြင့် ကမ္ဘာ့လူသားအားလုံးအပေါ် သုံးသပ်ရှုမြင်နိုင်စေရန် မိန့်ကြားတော်မူ၏။

ဒုရာဘိသမ္ဘဝ=ဖြစ်စေနိုင်ခဲသောအားထုတ်မှု

၁။ လူသားများအနေဖြင့် သာသနာတော်ကို ကြည်ညိုမြတ်နိုးလျက် သာသနာ့ဝန်ထမ်း ရဟန်း၊ သာမဏေများအား လှူဒါန်းနိုင်ရန် အားထုတ်မှု၊

၂။ ရဟန်းများအနေဖြင့် သံသရာဝဋ်မှ ကျွတ်လွတ်နိုင်ရန် အားထုတ်မှု

မှန်ပါသည်။ အလွန်မှ မှန်လှပါသည်။ ကမ္ဘာ့လူသားများအဖို့ သာသနာတော်ကို ကြည်ညိုမြတ်နိုးခြင်းသဒ္ဓါစစ်ဖြင့် သာသနာတော်အား ပစ္စည်းလေးပါးတို့ကို လှူဒါန်းချီးမြှောက်နိုင်ရန် အလွန်မှခက်ခဲလှပါသည်။ ယနေ့ကမ္ဘာကိုကြည့်ပါ။ လူဦးရေမည်မျှရှိပါသနည်း။ သာသနာတော်ကို ကြည်ညိုမြတ်နိုးသူ မည်မျှရှိပါသနည်း။

သာသနာ့ဝန်ထမ်း ရဟန်း၊ သာမဏေများအား နေ့စဉ်နေ့တိုင်း ဆွမ်းလောင်းနိုင်သူ ဤကမ္ဘာကြီးထဲမှာ မည်မျှသာရှိပါသနည်း၊ ဝါဆိုသင်္ကန်း၊ ကထိန်သင်္ကန်းအလှူ၊ စာချကျောင်း၊ ကမ္မဋ္ဌာန်းကျောင်းအလှူ လှူနိုင်သူ ဤကမ္ဘာကြီးထဲမှာ မည်မျှသာရှိပါသနည်း။ ဆေးဝါးအလှူ သို့မဟုတ် ရဟန်းအား အခမဲ့ ဆေးထိုးပေးနိုင်သူ ဆရာဝန် ဤကမ္ဘာကြီးထဲမှာ မည်မျှသာရှိပါသနည်း။ နဖူးပေါ်လက်တင် ဆင်ခြင်စဉ်းစား ယူရလောက်အောင် ခက်ခဲလွန်းသည့်ပုစ္ဆာများ မဟုတ်ပါလေ။ ထို့ကြောင့် ကမ္ဘာ့လူသားများအဖို့ အမှတ် (၁) သည် အမှန်ပင်ဖြစ်စေနိုင်ခဲသော အားထုတ်မှုစစ်စစ်ဖြစ်၏။

သို့သော်…

ဤမြေမှာ ပဋိသန္ဓေတည်နေခဲ့ရစဉ် မိခင်ဝမ်းထဲမှာကတည်းက ဘုရားသံ၊ တရားသံ နာခံခဲ့ရပြီးသူများ ဖြစ်ခဲ့ကြပါကုန်ပြီ။ ဖွားမြင်လာပြီး သိတတ်စအရွယ်ကတည်းက ဘုရားမှန်း၊ သံဃာမှန်း သိတတ်သူများ ဖြစ်ခဲ့ကြပါကုန်ပြီ။ ဆယ်ကြိမ်သက်ကတည်းက ရတနာသုံးပါးကို ကြည်ညိုယုံကြည်တတ်သူများ ဖြစ်ခဲ့ကြပါကုန်ပြီ။ ဖြတ်သန်းရသော ဘဝခရီးလမ်းဝယ် မလှူတန်းဖူးသူ၊ အလှူစိမ်းသူ၊ အလှူဆွံ့သူဟူ၍ မရှိသလောက်ရှားခဲ့သည်မှာ ဘိုးစဉ်ဘောင်ဆက်မှ ယနေ့အထိဖြစ်၏။ ထို့ကြောင့် သာသနာရိပ် ကျယ်ပြန့်သော ဤ မြန်မာနိုင်ငံဝယ် နိုင်ငံသားများအဖို့ သာသနာတော်ကို ကြည်ညိုမြတ်နိုးစွာ ပစ္စည်းလေးပါးဖြင့် ထောက်ပင့်ချီးမြှောက်နိုင်မှုမှာ ဤကမ္ဘာရှိ တခြားလူသားများလို ဖြစ်စေနိုင်ခဲသော အားထုတ်မှုမမည်တော့ဘဲ ခွင်းချက်သဖွယ် ဖြစ်တည်လျက်ရှိတော့၏။

ရဟန်းများ သံသရာဝဋ်မှ ကျွတ်လွတ်စေရန် အားထုတ်မှုသည်လည်း တကယ်ပင် (ဒုရာဘိသမ္ဘဝ) ခက်ခဲလွန်းသော ကြိုးပမ်းမှုပင် ဖြစ်နေ၏။ တစ်ဘဝတည်းဖြင့် အကျွတ်အလွတ် အားထုတ်နိုင်ရေးမှာ ဇေရက်တောင်ကို ခြေထောက်ချည်းသက်သက် တက်သော ခရီးထက် ပိုပြီးခက်ခဲလျက်ရှိ၏။ သို့သော် မြန်မာ့ရဟန်းတော်များကား ဗိုလ်ငါးပါး၊ အားငါးတန်တို့ဖြင့် ခွဲသန်သန် မလျော့တမ်း ပဋိပတ်လမ်းကို လျှောက်လှမ်းခြင်း၌ တုံ့ဆိုင်းနေတော်မမူကြ။ **'နေ့ ပရိယတ်၊ ည ပဋိပတ်'** မူ သတ်မှတ်ရင်း လျှောက်လှမ်းနေခြင်းများ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး) တို့တွင် နှစ်စဉ်နှစ်စဉ် စာသင်နှစ်ပြီးဆုံးတိုင်း ရက်ပိုင်း၊ လပိုင်းဖြင့် ပဋိပတ်လမ်း လျှောက်လှမ်းနေခြင်းများ၊ ပိဋကတစ်ပုံအောင် ကမ္မဋ္ဌာနာစရိယ ဆရာတော်များ၊ ဓမ္မာစရိယဘွဲ့ရ ကမ္မဋ္ဌာနာစရိယ ဆရာတော်များ ပေါ်ထွန်းလျက်ရှိခြင်း စသည်–––စသည်။

ဤသို့ကမ္ဘာကိုကြည့်သော် ဒုရာဘိသမ္ဘဝအဖြစ် မြင်ရပြီး မြန်မာကို ကြည့်သော် ခြွင်းချက်အဖြစ် မြင်နေရခြင်း၌ ကြောင်းရင်းဘူတကို ဖွေရှာသော်–––။

(ဂ)

ပထမမြန်မာနိုင်ငံတော်ကြီးမှစ၍ ယနေ့ကာလအထိ ရေသယံဇာတ၊ မြေသယံဇာတ၊ လေသယံဇာတ ကောင်းတို့ကြောင့် ဆန်ရေစပါးပေါများလျှံပယ် ကြွယ်ကြွယ်ဝဝဖြင့် ဒါနပါရမီ နှစ်အဆီကိုပါ ထုတ်ယူနိုင်စွမ်းရှိနေကြသည့် မြန်မာ့အနေအထားကောင်းတို့ ပိုမို၍ မြင့်မားတိုးတက်လာစေရန် နိုင်ငံတော်အကြီးအကဲက လွန်ခဲ့သော ၁၀နှစ်ကျော်ကပင် ဤသို့လမ်းညွှန်ထားခဲ့ပြီ။

"လူအများ၏ စားရေးသောက်ရေး ပြေလည်ချောင်ချိစေရမည်ဆိုသည့် စိတ်ရင်းစေတနာဖြင့် စိုက်ပျိုးရေး လုပ်ငန်းကို ကြိုးစားပမ်းစား ဆောင်ရွက်ပါက မိမိအတွက် အကျိုးဖြစ်ထွန်းသည်သာမက စေတနာမှန်သည့်အတွက် လောကီအကျိုးရော လောကုတ္တရာအကျိုးပါ ရရှိနိုင်မည် ဖြစ်ကြောင်း"

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

၂၁/၂၄-၇-၁၉၉၅ ပဲခူးတိုင်း အနောက်ခြမ်းခရီးစဉ်

ယင်းလမ်းညွှန်ချက်ကို တက်ကြွစွာ အကောင်အထည်ဖော်နိုင်ခဲ့ကြသဖြင့် ယနေ့ကာလဝယ် နိုင်ငံသားများနှင့် ဆန်ရေစပါးကို ပေါင်းသော် ညီမျှခြင်း လက္ခဏာသည် ပေါများခြင်း ဖြစ်လာသကဲ့သို့ ရဟန်းနှင့် ဆွမ်းကိုပေါင်းသော် ညီမျှခြင်းလက္ခဏာသည် ဆွမ်းသပိတ်လျှံခြင်း ဖြစ်လာကာ ရဟန်းနှင့် သင်္ကန်းကိုပေါင်းသော် ညီမျှခြင်း လက္ခဏာသည် ဝတ်မကုန်ခြင်း ဖြစ်လာလျက်ရှိတော့၏–

ဤတွင် စကားစပ်အရ ၁၄-၅-၂၀၀၆ တွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်လျက် ပြည်တွင်း၊ ပြည်ပသတင်းစာဆရာများ လိုက်ပါသော ပဲခူးတိုင်း စစ်တောင်းမြစ် အရှေ့ခြမ်း လေ့လာရေး ခရီးစဉ်ဝယ် ဦးအုန်းမောင်(မြင်းမူ–မောင်နိုင်မိုး)၏ အမေးကို ပြန်ကြားရေးဝန်ကြီးက ဖြေကြားခဲ့ရာ အောက်ပါအတိုင်း ကောက်နုတ်ဖော်ပြအပ်ပါ၏–

"ကျွန်တော်တို့နိုင်ငံမှာ စားနပ်ရိက္ခာပြဿနာရှိ၊ မရှိဆိုတာနဲ့ ပတ်သက်လို့ အားလုံးချင့်ချိန်နိုင်အောင် အရှိကိုအရှိအတိုင်း ကျွန်တော်ပြောပြလိုပါတယ်။ သတင်းစာဆရာကြီးများ ရန်ကုန်ကနေပြီးတော့ တောင်ငူ၊ တောင်ငူဟိုဘက် ဆွာ၊ ပြီး ဒီနေ့ပဲ ကျေးရွာတွေ တကယ့်ကျေးရွာတွေကို ဖြတ်ပြီးတော့ အခု သပြေညွှန့်ကို ရောက်ခဲ့ကြပါပြီ။

"အဲဒီတော့ သွားရာလမ်းတစ်လျှောက် ဘေး ဝဲ၊ ယာကို ကြည့်ကြည့်လိုက်ပါ။ ယနေ့အခါမှာဆိုရင် နွေစပါးတွေနဲ့ အားလုံးစိမ်းစိုပြီးတော့ ရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံမှာ စားနပ်ရိက္ခာပြဿနာပေါ်နေတယ်။ ပေါ်မနေဘူးဆိုတာဟာ Seeing is Believing **ဆိုတဲ့အတိုင်း တွေ့နိုင်မှာဖြစ်ပါတယ်။**

"နောက် ကြောင်းကျိုးညီညွတ်တဲ့ အချက်လေးတွေနဲ့ ထပ်ပြီးပြရမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံမှာ တခြားသော စားနပ်ရိက္ခာချို့တဲ့တဲ့နိုင်ငံတွေမှာလို စားနပ်ရိက္ခာ မလောက်မင ဝဝလင်လင် မစားရလို့ ပိန်ညှောင်ချောက်ကပ်နေတဲ့ တိုင်းသူပြည်သားဆိုလို့ မရှိပါဘူး။ နောက်တစ်ခုက အစားအသောက်မစားရလို့၊ သူများနိုင်ငံလို မစားရလို့ အသက်ဆုံးရှုံးရတယ်ဆိုတာ ကျွန်တော်တို့နိုင်ငံမှာ မရှိပါဘူး။ တခြားနိုင်ငံတွေလို အစားအသောက်ပြဿနာရှိလို့၊ စားနပ်ရိက္ခာ မလုံလောက်လို့၊ ဟိုနိုင်ငံက ကူပါဦး၊ ဒီနိုင်ငံက ကူပါဦး၊ UN က ကူပါဦးလို့ ကျွန်တော်တို့ နိုင်ငံမှာ အော်နေရတာမရှိပါဘူး။ ဒါကြောင့် ဒီအချက်တွေကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံမှာ စားနပ်ရိက္ခာ ပြဿနာရှိသလား၊ မရှိဘူးလားဆိုတာ သိသာပါတယ်"

ယင်းကြောင်းရင်းဘူတများကြောင့် ယနေ့ မြန်မာနိုင်ငံသည် ဆန်ရေစပါး ပေါများလျှံပယ် ကြွယ်ကြွယ်ဝဝ အာဟာရ မဆွံ့ရှားသောနိုင်ငံ။ အစားအစာ မဆွံ့ရှားသလို ဝတ်ရေး၊ နေရေးအားဖြင့်လည်း မနွမ်းပါးသော နိုင်ငံ။ စား၊ ဝတ်၊ နေရေး မွဲပြာမကျသလို သဒ္ဓါအင်အား ကဲသာကြွသော နိုင်ငံ။ သာသနာတော်ကို ကြည်ညိုပြည့်သိပ် သဒ္ဓါစိတ်ကြောင့် ဖိတ်ဖိတ်တောက်စေတနာ လက်ဖြာတောက်ပ ဆွမ်းဒါန၊ သင်္ကန်းဒါန ဒါနမျိုးစုံ အပုံလိုက်အပြုံလိုက် နှစ်ခြိုက်စွာ လှူဒါန်းနေသောနိုင်ငံ။ သာသနာရေး မမေးမမိန် ထိန်ထိန်တောက်နိုင်ငံအဖြစ် ထွန်းသစ်လျက်သာရှိကြောင်း တွေ့မြင်နေရပါသည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✧

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ငလျင်ဘေးအန္တရာယ် ကာကွယ်ရေးအတွက် လေ့ကျင့်နေကြသည်ကို ဇွန် ၄ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အိဒ်စ်ရောဂါတိုက်ဖျက်ရေး မဟာဗျူဟာချမှတ်နိုင်ခဲ့

ကုလသမဂ္ဂ ဇွန် ၄

ခုခံအား ကျဆင်းမှုကူးစက်ရောဂါ (အိဒ်စ်)တိုက်ဖျက်ရေးဆိုင်ရာ မဟာဗျူဟာ ရေးဆွဲချမှတ်နိုင်ရန် ရည်ရွယ်ကျင်းပခဲ့သော ကုလသမဂ္ဂညီလာခံမှာ သောကြာနေ့တွင် ပြီးဆုံးသွားပြီဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ အိဒ်စ်ရောဂါတိုက်ဖျက်ရေး မဟာဗျူဟာ ရေးဆွဲချမှတ်သည့် ကုလသမဂ္ဂညီလာခံတွင် ယင်းရောဂါတားဆီးကာကွယ်ရေးလုပ်ငန်းများ တိုးမြှင့်ရန်ဆွေးနွေးခဲ့ကြသော်လည်း အိဒ်စ်ရောဂါတိုက်ဖျက်ရေးဆိုင်ရာ ရန်ပုံငွေများ ထည့်ဝင်ပါမည်ဟု ကတိကဝတ်ပြုခြင်းမရှိကြပေ။

ယနေ့ကာလတွင် အိဒ်စ်ရောဂါသည် ကမ္ဘာ့အမျိုးသမီးများအတွင်း ပိုမိုကျယ်ကျယ်ပြန့်ပြန့် ကူးစက်လာနေကြောင်း ကမ္ဘာ့နိုင်ငံများက အသိအမှတ်ပြုကြသည်။ အမျိုးသမီးများသည် အိဒ်စ်ရောဂါ ကူးစက်ခံရခြင်းမှ ရှောင်ရှားစေရန် မိမိကိုယ်မိမိ ကာကွယ်ခွင့်ရှိစေရမည်ဖြစ်ကြောင်း ညီလာခံတက်ရောက်လာသည့် ကိုယ်စားလှယ်များက ပြောကြားကြသည်။ သုံးရက်ကြာကျင်းပသော အဆိုပါညီလာခံသို့ ကမ္ဘာ့နိုင်ငံပေါင်း ၁၅၁နိုင်ငံမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ လာမည့် ဆယ်စုနှစ်တွင် အိဒ်စ်ရောဂါ ဝေဒနာရှင် သန်း ၄၀အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ မည်သို့မည်ပုံလုပ်ဆောင်ပေးနိုင်မည်ကို ညီလာခံတွင် ဆွေးနွေးခဲ့ကြသည်။ ကမ္ဘာတစ်လွှားတွင် ၁၉၈၁ ခုနှစ်မှစ၍ အိဒ်စ်ရောဂါကြောင့် လူပေါင်း ၂၅သန်းခန့် သေဆုံးခဲ့ရပြီးဖြစ်သည်။ အဆိုပါရောဂါကြောင့် နေ့စဉ် လူပေါင်း ၈၀၀၀ ခန့် သေဆုံးနေရကြောင်း၊ သို့ရာတွင် အိဒ်စ်ရောဂါ ဖြစ်ပွားသူဦးရေမှာမူ တိုးပွားလာခြင်းမရှိတော့ကြောင်း၊ အာဖရိကတိုက်တွင် အမျိုးသမီးများက အမျိုးသားများထက် အိဒ်စ်ရောဂါကို ပိုမိုကူးစက်ခံနေရကြောင်း ညီလာခံတွင် ဆွေးနွေးပြောဆိုခဲ့ကြသည်။ ကမ္ဘာ့နိုင်ငံများသည် ၂၀၁၀ ပြည့်နှစ်ထက် နောက်မကျဘဲ နှစ်စဉ် အမေရိကန်ဒေါ်လာ ၂၃ ဘီလီယံ ရရှိမှသာ အိဒ်စ်ရောဂါကို ထိထိရောက်ရောက် တိုက်ဖျက်နိုင်မည်ဖြစ်ကြောင်း၊ ၂၀၀၅ ခုနှစ်တွင် အိဒ်စ်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၈ ဒသမ ၃ ဘီလီယံ သုံးစွဲခဲ့ကြောင်း၊ ၂၀၁၀ပြည့်နှစ်ထက် နောက်မကျဘဲ အိဒ်စ်ရောဂါဝေဒနာရှင်အားလုံး ဆေးဝါးကုသနိုင်ခွင့် မဟာဗျူဟာအတွက် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း ညီလာခံကိုယ်စားလှယ်များက ပြောကြားကြသည်။

အမ်အင်အေ၊ရိုက်တာ။

အင်ဒိုနီးရှား ငလျင်ဒုက္ခသည်များထံ တရုတ်မှထောက်ပံ့ရေးပစ္စည်းများ ပေးပို့မည်

ရှီယွာကျွမ်း ဇွန် ၄

အင်ဒိုနီးရှား ငလျင်ဒုက္ခသည်များထံသို့ ကယ်ဆယ်ရေးအထောက်အပံ့များ ပေးပို့နိုင်ရေးအတွက် ခရီးစဉ်များ ပျံသန်းရန် တရုတ်လေယာဉ်များ အသင့်ပြင်ဆင်ထားကြောင်း၊ တရုတ်အစိုးရသည် ငလျင်ဒုက္ခသည်များအတွက် ယွမ် ၁၀ သန်း (အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၅ သန်း) ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများကို လေကြောင်းမှ ပေးပို့မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

ကယ်ဆယ်ရေးပစ္စည်းများ တင်ဆောင်ထားသော လေယာဉ်တစ်စင်းသည် တရုတ်နိုင်ငံမြောက်ပိုင်း ဟေဘေးပြည်နယ် မြို့တော် ရှီယွာကျွမ်းရှိ လေဆိပ်မှ ထွက်ခွာသွားကြောင်း၊ ယင်းလေယာဉ်ပေါ်တွင် ကယ်ဆယ်ရေး ပစ္စည်းများအဖြစ် ဆေးဝါး၊ ဆေးဘက်ဆိုင်ရာ ပစ္စည်းများ၊ ရွက်ဖျင်တဲများနှင့် လျှပ်စစ်ဓာတ်အား ဂျင်နရေတာစက်များ ပါရှိကြောင်း ယင်းလျှပ်စစ်ပစ္စည်းများ၏ အလေးချိန်မှာ တန် ၅၀ ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ငလျင် ဒုက္ခသည်များအတွက် တရုတ်အစိုးရက အကူအညီပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း တရုတ်နိုင်ငံရှိ အင်ဒိုနီးရှားသံရုံးမှ သံတမန်တစ်ဦးက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ ဂျဗားကျွန်းတွင် လူပေါင်း ၆၀၀၀ ကျော် သေဆုံးခဲ့ရသော ငလျင်လှုပ်ခဲ့မှုနှင့်ပတ်သက်၍ စာနာထောက်ထားမိကြောင်း ဖော်ပြသော သဝဏ်လွှာကို တရုတ်သမ္မတ ဟူကျင်တောင်က အင်ဒိုနီးရှားသမ္မတ ဘမ်ဘန်း ယူဒိုယိုနိုထံ ပေးပို့ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆိုက်ဘေးရီးယားတွင် ရဟတ်ယာဉ်ပျက်ကျ

မော်စကို ဇွန် ၄

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသတွင် သောကြာနေ့က ရဲတပ်ဖွဲ့ပိုင် ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ သုံးဦး သေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အရေးပေါ်လုပ်ငန်းများဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရုရှားရဲတပ်ဖွဲ့မှ အမ်အိုင်-၈ အမျိုးအစား ရဟတ်ယာဉ်တစ်စင်းသည် ဗစ်တာဘ်လဆော့မြို့ရှိ ကာမာရိုဘို လေဆိပ်၌ ဆင်းသက်ရန် ကြိုးပမ်းစဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း အရေးပေါ်လုပ်ငန်းများဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက အင်တာဖက်စ်သတင်းဌာနသို့ ပြောကြားသည်။

အဆိုပါ ရဟတ်ယာဉ်ပေါ်တွင် ရဲတပ်ဖွဲ့ဝင် ၁၅ ဦးနှင့် ရဟတ်ယာဉ်မောင်းအဖွဲ့ဝင် သုံးဦးလိုက်ပါလာခဲ့သည်။ ရဟတ်ယာဉ်ပျက်ကျမှုကြောင့် သေဆုံးရသူ သုံးဦးမှာ လေကြောင်းပြတစ်ဦး၊ စက်မှုကျွမ်းကျင်သူတစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်တို့ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ရဟတ်ယာဉ် ပျက်ကျရသည့် အကြောင်းရင်းကို လောလောဆယ် မသိရှိရသေးပေ။***အမ်အင်အေ၊ဆင်ဟွာ။***

ဆိုင်းနိုင်းကျွန်းဆွယ် ဗုံးဖောက်ခွဲမှု မသင်္ကာသူနှစ်ဦးကို အီဂျစ်ရဲတပ်ဖွဲ့ ဖမ်းဆီး

ကိုင်ရို ဇွန် ၄

အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ် အပန်းဖြေစခန်းမြို့ဖြစ်သော ဒါဟက်မြို့တွင် ပြီးခဲ့သည့် ဧပြီလက ဖြစ်ပွားခဲ့သော ဗုံးဖောက်ခွဲမှုတွင် ပါဝင်ပတ်သက်ဖွယ်ရှိသော အမျိုးသားနှစ်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း လုံခြုံရေးတာဝန်ရှိသူနှစ်ဦးက စနေနေ့တွင် ပြောကြားသည်။

ဆိုင်းနိုင်းကျွန်းဆွယ် ဗုံးဖောက်ခွဲမှုတွင် ပါဝင်ပတ်သက်သည်ဟု သင်္ကာမကင်းခံရသော ညီအစ်ကိုနှစ်ဦးကို ဆိုင်းနိုင်းကျွန်းဆွယ် မြောက်ပိုင်းတွင် ဖမ်းဆီးခဲ့ကြောင်း၊ ၎င်းတို့သည် တော်ဟစ်အမည်ရှိ အကြမ်းဖက်အဖွဲ့အစည်းမှ အဖွဲ့ဝင်နှစ်ဦး ဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူနှစ်ဦးက ပြောကြားသည်။

အဆိုပါ အကြမ်းဖက်အဖွဲ့အစည်းတွင် ပါဝင်သော လူ ၄၀ကျော်ကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလိုသော်လည်း ၎င်းတို့မှာ ထွက်ပြေးနေဆဲဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

တော်ဟစ် အကြမ်းဖက်အဖွဲ့အစည်းသည် ဒေသတွင်း၌ ဖြစ်ပွားခဲ့သော ဗုံးဖောက်ခွဲမှုအများအပြားအတွက် တာဝန်ရှိသည်ဟု ရဲတပ်ဖွဲ့ကပြောကြားသည်။ ထိုစဉ်အတွင်း ပြည်ထဲရေးဝန်ကြီးဌာနက ကြေညာချက်တစ်ရပ် ထုတ်ပြန်ရာတွင် ဆိုင်းနိုင်းကျွန်းဆွယ် ဗုံးဖောက်ခွဲမှုအတွက် ရဲတပ်ဖွဲ့က အလိုရှိနေသော လူ သုံးဦးကို အသေဖမ်းဆီးရမိခဲ့ကြောင်း ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

အရှေ့တောင်အာရှ တည်ငြိမ်ရေး စင်ကာပူ၌ ဆွေးနွေး

ဂျကာတာ ဇွန် ၄

အရှေ့တောင်အာရှဒေသ လုံခြုံမှုအခြေအနေ တိုးတက်ကောင်းမွန်ရန်မှာ စစ်ရေးနည်းလမ်းအရသာလျှင် ဆောင်ရွက်ရန်မဟုတ်ဘဲ ဒေသတွင်းရှိ နိုင်ငံများစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရှိစေမည့် နည်းလမ်းများနှင့်အညီ ဆောင်ရွက်သင့်ကြောင်း အင်ဒိုနီးရှား အထက်တန်းတာဝန်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

အရှေ့တောင်အာရှဒေသ တည်ငြိမ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် အမြင်သုံးရပ်ဖြင့် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ အမြင်သုံးရပ်ဆိုသည်မှာ စစ်ရေးအမြင်၊ စီးပွားရေးအမြင်နှင့် ယဉ်ကျေးမှု အမြင်တို့ပင်ဖြစ်ကြောင်း အင်ဒိုနီးရှား ကာကွယ်ရေး ဝန်ကြီး ဂျူဝိုနို ဆူဒါဆိုနိုက နိုင်ငံပိုင် အင်တာရာ သတင်းဌာနသို့ ပြောကြားသည်။ စင်ကာပူနိုင်ငံတွင် ဇွန် ၃ရက်မှ ၄ရက်အထိအာရှလုံခြုံရေးဆိုင်ရာနှစ်ပတ်လည် ဖိုရမ်ဆွေးနွေးပွဲ တက်ရောက်ခဲ့သူ အင်ဒိုနီးရှား ကာကွယ်ရေးဝန်ကြီးက ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဇွန် ၄ရက်က မြို့တော်ပေကျင်းတွင် ကျင်းပသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပြပွဲ၌ စွန့်ပစ်ပစ္စည်းများမှ တစ်ကျော့ပြန် ထုတ်လုပ်ထားသော ပစ္စည်းများကို ပြသစဉ်။ (ဓာတ်ပုံ-အင်တာနက်)



ရိုမေးနီးယားနိုင်ငံ မြို့တော် ဘူခါရက်အရှေ့မြောက်ဘက် ၈၈မိုင်အကွာ ဘာကာကျေးရွာရှိ ရွှံ့မီးတောင်ထိပ်ဝကို ဇွန် ၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရေနံချက်စက်ရုံအတွက် ဒေါ်လာ သန်း ၉၀၀ ရင်းနှီးမြှုပ်နှံမည်

ဆော်ပေါ်လို ဇွန် ၄

ဘရာဇီးနိုင်ငံ ဆော်ပေါ်လိုမြို့ရှိ ရေနံချက်စက်ရုံကို တိုးချဲ့တည်ဆောက်ရန်နှင့် ခေတ်မီရေနံချက်စက်ရုံအဖြစ်သို့ မွမ်းမံတည်ဆောက်နိုင်ရန် အမေရိကန်ဒေါ်လာ သန်း ၉၀၀ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ဘရာဇီးသမ္မတ လူးဝစ် အင်နာစီယို လူးလာ ဒါဆေးလ်ဗားက သောကြာနေ့တွင် ထုတ်ပြန်ကြေညာလိုက်သည်။ ဘရာဇီးနိုင်ငံပိုင် စွမ်းအင်ကုမ္ပဏီဖြစ်သော ပက်ထရိုဘရာကုမ္ပဏီကပိုင်ဆိုင်သည့် ရေနံချက်စက်ရုံ တိုးချဲ့တည်ဆောက်ရန် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ဘရာဇီးသမ္မတက ပြောကြားသည်။ အဆိုပါ ရေနံချက်စက်ရုံသည် ပက်ထရိုဘရာ ကုမ္ပဏီကပိုင်ဆိုင်သည့် စက်ရုံများအနက် စတုတ္ထမြောက်အကြီးဆုံးဖြစ်ပြီး စောဟိုဆေးဒေါ့စ်ကမ်ပို့စ်မြို့တွင် တည်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဆီယံ-ပါကစ္စတန် ပူးတွဲကော်မတီ စည်းဝေးမည်

အစ္စလမ္မာဘတ် ဇွန် ၄

အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ)နှင့် ပါကစ္စတန်နိုင်ငံတို့၏ လုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မတီ အစည်းအဝေးကို ပါကစ္စတန်နိုင်ငံ မြို့တော်အစ္စလမ္မာဘတ်၌ ဇွန် ၅ ရက်မှ ၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာနက စနေနေ့တွင် ပြောကြားသည်။

အာဆီယံနှင့် ပါကစ္စတန်တို့၏ ပူးတွဲကော်မတီအစည်းအဝေးသို့ အာဆီယံကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်လျက် အာဆီယံအတွင်းရေးမှူးချုပ် တက်ရောက်မည်ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။

ပူးတွဲကော်မတီ အစည်းအဝေးတွင် ပါကစ္စတန် ကိုယ်စားလှယ်အဖွဲ့ကို မိုဟာမက်ခန်းက ဦးဆောင်မည် ဖြစ်သည်။

အာဆီယံနှင့် ပါကစ္စတန်နိုင်ငံတို့သည် လုပ်ငန်းနယ်ပယ်ရှစ်ခုတွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။ အဆိုပါ လုပ်ငန်းနယ်ပယ်ရှစ်ရပ်မှာ ကုန်သွယ်ရေး၊ စက်မှုလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှု၊ သဘာဝပတ်ဝန်းကျင်၊ သိပ္ပံနှင့်နည်းပညာ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

တရားမဝင် ရွှေ့ပြောင်း နေထိုင်သူများ တားဆီးမည်

လူဇင်ဘတ် ဇွန် ၄

စပိန်နှင့် မော်လတာနိုင်ငံအတွင်း သို့ အာဖရိကတိုက်သားများ တရားမဝင်ဝင်ရောက်နေမှုများကို တားဆီးပေးနိုင်ရန် ဥရောပသမဂ္ဂ (အီးယူ) နယ်ခြားလုံခြုံရေးအေဂျင်စီက ယူရိုငွေ ၂ ဒသမ ၁ သန်း (အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ သန်း) ထောက်ပံ့ပေးမည်ဖြစ်ကြောင်း အဆိုပါ အေဂျင်စီက စနေနေ့တွင် ပြောကြားသည်။ စပိန်နိုင်ငံ ကနေရီကျွန်းစုမှတစ်ဆင့် အာဖရိကတိုက် သားများ တရားမဝင် ရွှေ့ပြောင်းအခြေစိုက်နေထိုင်မှု ပြုလုပ်နိုင်ခြင်း မရှိစေရန် ပင်လယ်ပြင်တွင် ပူးတွဲကင်းလှည့်စောင့်ကြပ်မှုများ ပြုလုပ်ရန် လိုအပ်ကြောင်း၊ စပိန်နိုင်ငံအနေဖြင့် ၎င်း၏ ရေကြောင်းပိုင်နက်တွင် လုံခြုံရေးတင်းကျပ်နိုင်ရန် ဥရောပသမဂ္ဂ ငွေကြေးအကူအညီဖြင့် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

ယခုနှစ် ဇန်နဝါရီလမှ မေလအထိကာလတွင် ကနေရီကျွန်းစုသို့ တရားမဝင်ရောက်ရှိလာသော အာဖရိကတိုက်သား ဦးရေမှာ ၉၄၆၇ ဦးရှိကြောင်း ယင်းမှာ လွန်ခဲ့သည့်နှစ် တစ်နှစ်လုံး အတိုင်းအတာအရ ကနေရီ ကျွန်းစုသို့ တရားမဝင်ရောက်ရှိလာသူဦးရေထက် နှစ်ဆခန့် ပိုမိုများပြားကြောင်း တာဝန်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ဆန်ဖရန်စစ္စကို ပင်လယ်အော်တွင် ကျင်းပသည့် ရေကူး၊ စက်ဘီးစီးနှင့် အပြေးအားကစားသုံးမျိုးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်သူများကို ဇွန် ၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘင်္ဂလားဒေ့ရှ်၌ မြေလျှင်လှုပ်

ဒါကာ ဇွန် ၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းနေရာအချို့၌ ဗုဒ္ဓဟူးနေ့ စောစောပိုင်းတွင် အင်အားအသင့်အတင့်ရှိသော မြေလျှင်လှုပ်သွားကြောင်း ယူအင်ဘီ သတင်းဌာနက သတင်းထုတ်ပြန်သည်။

ပြင်းအား ၅ ဒသမ ၁ ရစ်ချ်တာစကေးရှိ အဆိုပါမြေလျှင်သည် ဒေသစံတော်ချိန် ဗုဒ္ဓဟူးနေ့ နံနက် ၁ နာရီ ၄၄ မိနစ် (ဂရင်းနစ်စံတော်ချိန် အင်္ဂါနေ့ ၁၉၄၄ နာရီ)တွင် လှုပ်သွားပြီး ၂၂ စက္ကန့်မျှ ကြာမြင့်ခဲ့သည်။ စစ်တကောင်း၊ ဖီနီနှင့် တောင်ကုန်းဒေသ သုံးနေရာတွင် မြေလျှင်လှုပ်သွားခဲ့သည်။ မြေလျှင်ဗဟိုချက်မှာ စစ်တကောင်း မြေလျှင်တိုင်းတာရေး စခန်းမှ ၂၀၃ ကီလိုမီတာအကွာတွင် တည်ရှိသည်။ မြေလျှင်လှုပ်မှုကြောင့် အသေအပျောက် မရှိခဲ့ပေ။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်အရပ်သားတစ်ဦး ပစ်သတ်ခံရမှုဖြင့် အမေရိကန်တပ်ဖွဲ့ဝင်ရှစ်ဦး ရုံးတင်စစ်ဆေးခံရမည်

ဝါရှင်တန် ဇွန် ၄

အီရတ်အရပ်သားတစ်ဦးကို ဧပြီလအတွင်းက ပစ်သတ်ခဲ့မှုဖြင့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်ခုနစ်ဦးနှင့် ရေတပ်ကျွမ်းကျင်မှုတပ်ဖွဲ့ဝင်တစ်ဦးတို့ကို စွဲချက်တင်မည်ဖြစ်ကြောင်း အမေရိကန်မီဒီယာသတင်းဌာနက ကြာသပတေးနေ့တွင် ဖော်ပြသည်။

၎င်းတပ်ဖွဲ့ဝင်ရှစ်ဦးတို့ကို ကယ်လီဖိုးနီးယားပြည်နယ်ရှိ စစ်ဘက်စခန်းတွင် ယခုအခါ ချုပ်နှောင်ထားပြီး လူသတ်မှု၊ ပြန်ပေးဆွဲမှုနှင့် ပူးပေါင်းကြံစည်မှုစသည့် ပြစ်မှုများဖြင့် စစ်ဆေးမည်ဖြစ်သည်ဟု သတင်းများအရ သိရှိရသည်။

စွဲချက်များကို သောကြာနေ့တွင် အမှုဖွင့်မည်ဖြစ်သည်။ အမေရိကန် စစ်ဘက်ဆိုင်ရာ ဥပဒေအရ စွဲချက်များကို အမှုဖွင့်ပြီးသည့်နောက် တရားရေးအရကြားနာမှုပြုလုပ်မည် ဖြစ်သည်။ ကြားနာမှု ဦးဆောင်အရာရှိက ဗိုလ်ချုပ်ကြီးထံသို့ ထောက်ခံချက်ရေးပို့ရမည်ဖြစ်ပြီး ၎င်းက စစ်ခုံရုံး တင်သင့်၊ မတင်သင့်နှင့် တရားခံသည် မည်သည့်အမှုနှင့် ရင်ဆိုင်ရမည်ကို ဆုံးဖြတ်ပေးမည် ဖြစ်သည်။

အီရတ်နိုင်ငံ အနောက်ပိုင်းဒေသရှိ ဟာဒီသာမြို့တွင် လွန်ခဲ့သည့် နိုဝင်ဘာလအတွင်း အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များက အီရတ်အရပ်သား ၂၄ ဦးကို သတ်ဖြတ်ခဲ့သည့် စွပ်စွဲချက်အပေါ်လည်း အမေရိကန် စစ်ဌာနချုပ်က သီးခြားစုံစမ်းစစ်ဆေးရေး အဖွဲ့က အကဲဖြတ်သုံးသပ်နေကြပြီဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကြံနှင့် ကျားကောင်ရေ နီပေါ၌ လျော့နည်းနေ

ခတ္တမန္ဒူ ဇွန် ၄

နီပေါနိုင်ငံ အနောက်အလယ်ပိုင်း၌ ကြံ့နှင့်ကျားကောင်ရေမှာ စိုးရိမ်ဖွယ်ရာ လျော့နည်းနေသည့် လက္ခဏာရှိကြောင်း ရှာဖွေရေးအဖွဲ့တစ်ဖွဲ့က ထုတ်ဖော် ပြောကြားလိုက်သည်ဟု ကမ္ဘာ့တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေး ရန်ပုံငွေအဖွဲ့ (ဒဗလျူဒဗလျူအက်ဖ်) နီပေါက ကြာသပတေးနေ့တွင် ကြေညာသည်။

လျော့နည်း

ဘာဒီယာ အမျိုးသားဥယျာဉ် (ဘီအင်ပီ)က စီစဉ်သည့် ရှာဖွေရေးအဖွဲ့တစ်ဖွဲ့သည် မေ ၂၁ ရက်တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ဘီအင်ပီ၏ ဘာဘိုင်းတောင်ကြားရှိ ကြံ့နှင့်ကျားကောင်ရေမှာ သိသိသာသာ လျော့နည်းနေသည့် လက္ခဏာတွေ့ရကြောင်း၊ အမဲလိုက်လုပ်ငန်းများ ကြီးမားကျယ်ပြန့်လာသည်ကို တွေ့ရှိရကြောင်း ဒဗလျူဒဗလျူအက်ဖ် (နီပေါ)က သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အဆိုပါ အဖွဲ့သည် ဘာဘိုင်းတောင်ကြား၏ တောင်ဘက်ခြမ်းတွင် ကြံ့သုံးကောင်နှင့် ကျားသုံးကောင်မျှသာရှိသည့် အထောက်အထားများကို တွေ့ရှိခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အိန္ဒိယနိုင်ငံ အလယ်ပိုင်း ဘိုပါးလ်မြို့၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုံ့ဆော်နေသူတစ်ဦးကို ဇွန် ၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



ကမ္ဘောဒီးယားနိုင်ငံ ကန်ဒယ်လ်ပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင် အသက်ခြောက်နှစ်အရွယ် လူငယ်လေးတစ်ဦးနှင့် စပါးကြီးမြွေတစ်ကောင်တို့ အတူနေထိုင်လျက်ရှိသည်ကို ဇွန်၃ရက် က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဆွစ်ဇာလန်နိုင်ငံတွင် တောင်ပြိုကျ၊ လူနှစ်ဦးသေဆုံး

ဂျနီဗာလန်(ဆွစ်ဇာလန်) ဇွန် ၄

ဆွစ်ဇာလန်နိုင်ငံနှင့် အီတလီနိုင်ငံတို့ ဆက်သွယ်ထားသော အဝေးပြေးလမ်းမပေါ်သို့ ဗုဒ္ဓဟူးနေ့က တောင်ပေါ်မှ ကျောက်တုံးကြီးများ ပြိုကျခဲ့သည့်အတွက် လူနှစ်ဦး သေဆုံးသွားပြီး ကားအသွားအလာ များလည်း ပြတ်တောက်သွားခဲ့ကြောင်း သတင်းများက ဖော်ပြသည်။

သေဆုံးသူနှစ်ဦးမှာ ဂျာမနီနိုင်ငံတွင် လိုင်စင်ပြုလုပ်ထားသော မော်တော်ယာဉ်ကို မောင်းနှင်လာသူများ ဖြစ်ကြောင်းသာ သိရပြီး ၎င်းတို့၏ အမည်များကို သိရှိရခြင်း မရှိသေးကြောင်း ရဲတပ်ဖွဲ့မှလာသော သတင်းက ဖော်ပြသည်။

အဆိုပါဂျာမနီ မှတ်ပုံတင်ကားမှာ လုံးဝပျက်စီးသွားသည်ဟု ဦရီဒေသမှ ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ကားလ် အိဂ္ဂလီက ပြောကြားသည်။ ထိုတောင်ပေါ်ဒေသတွင် မကြာသေးမီက မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီးနောက် ကုဗမီတာ ၅၀ မျှ ပမာဏရှိသော ကျောက်တုံးကြီးများ အဝေးပြေးလမ်းမပေါ်သို့ ပြိုကျလာခြင်းဖြစ်သည်။ ထိုလမ်းမသည် ဆွစ်ဇာလန် ဘဏ္ဍာရေးမြို့တော် ဇူးရစ်နှင့် အီတလီစကားပြောဆိုသော တီစီနိုဒေသတို့ကို ဆက်သွယ်ထားသော လမ်းမကြီးဖြစ်သည်။

ရဲတပ်ဖွဲ့ဝင်များက ထိုလမ်းမပေါ်သို့ ရောက်လာသောကားများကို စိန်ဘာနာဒီဒို တောင်ကြားလမ်းကို အသုံးပြု၍ သွားလာကြရန် လမ်းလွှဲပေးနေရသည်။ ဘူမိဗေဒပညာရှင်များ၏ မှန်းဆချက်အရ နောက်ထပ်ကျောက်တောင်များ ပြိုကျစရာ အခြေအနေရှိကြောင်း သိရသဖြင့် အေ-တူးလမ်းမကို ရက်အတန်ကြာဆက်လက်ပိတ်ထားရန် ရှိကြောင်း သိရသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

နယုန်လပြည့်နေ့တွင် တရားတော်များ အသံလွှင့်ဟောကြားမည်

ရန်ကုန် ဇွန် ၅

၁၃၆၈ခုနှစ် နယုန်လပြည့် (မဟာသမယအခါတော်နေ့) ဇွန် ၁၀ ရက် နံနက် ၇နာရီတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်မှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် သာသနရက္ခိတကျောင်း ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရ အမှူးပြုသော ဆရာတော်ငါးပါးတို့က **"ချမ်းသာငြိမ်းအေး အမြိုက်ဆေးတရားတော်"**နှင့် **"မဟာသမယသုတ်ပါဠိတော်များ"**ကို အသံလွှင့် ဟောကြားတော်မူကြမည်ဖြစ်သည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ် သူနာပြုသင်တန်းဆင်းပွဲတက်ရောက် ကောလိပ်ကျောင်းများ လှည့်လည်စစ်ဆေး

အမှာစကားပြောကြား

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ် (၁၃)ကြိမ်မြောက် သူနာပြု(ဒီပလိုမာ) သင်တန်းဆင်းပွဲနှင့် (၁၅)ကြိမ်မြောက် သူနာပြု(သစ်လွင်)များ ဦးဆောင်းအပ်နှင်းပွဲတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

နေပြည်တော် ဇွန် ၅

(၁၃)ကြိမ်မြောက် သူနာပြုဒီပလိုမာ သုံးနှစ်သင်တန်း သင်တန်းဆင်းပွဲနှင့် (၁၅)ကြိမ်မြောက် သူနာပြုသစ်လွင်များ ဦးဆောင်းအပ်နှင်းပွဲကို မေ ၂၆ရက် နံနက် ၇နာရီခွဲတွင် လားရှိုးမြို့ မြို့တော်ခန်းမဌာကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းမှူး၏ ဇနီး ဒေါ်ချယ်ရီ၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သင်တန်းဆင်းသူနာပြု ၆၄ဦးနှင့် သူနာပြုသင်တန်းသား၊ သင်တန်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာစိုင်းစံဝင်းနှင့် လားရှိုးမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းကြာယုံတို့က သင်တန်းကျောင်းနှင့် ပတ်သက်သည်များကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့သို့ အလှူငွေကျပ် သိန်း ၁၀၀ကိုလည်းကောင်း၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့သို့ အလှူငွေကျပ် သိန်း ၁၀၀ကို လည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် လားရှိုးမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းမှ တာဝန်ရှိသူများက သူနာပြု(သစ်လွင်)များအား ဦးဆောင်းများအပ်နှင်းပေးပြီး သူနာပြုများက သူနာပြုသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ဆက်လက်၍ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချယ်ရီက ထူးချွန်သင်တန်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး သူနာပြုသင်တန်းဆင်း သူနာပြုများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် သင်တန်းဆင်းသူနာပြုများက လားရှိုးမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းသို့ မှန်ဗီရိုတစ်လုံး ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းကြာယုံက လက်ခံရယူပြီးနောက် သင်တန်းသား သင်တန်းသူများက သင်တန်းဆင်း သူနာပြုများအား နှုတ်ဆက်ဂုဏ်ပြုသီချင်းဖြင့် သီဆိုဂုဏ်ပြုကြ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပေးအပ်ချီးမြှင့်

ထိုမှတစ်ဆင့် တိုင်းမှူးသည် လားရှိုးဒီဂရီကောလိပ် ကမ္ဘောဇခန်းမ၌ ကျင်းပသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အခြေခံပညာ အထက်တန်းအဆင့် အင်္ဂလိပ်ဘာသာ၊ သင်္ချာနှင့် ရူပဗေဒ ဘာသာပြ ဆရာများ မွမ်းမံသင်တန်း ဆင်းပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြား၍ ဘာသာရပ်အလိုက် ပထမရရှိကြသော ဆရာ၊ ဆရာမများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ဒုတိယတိုင်းမှူးက ဒုတိယရရှိသော ဆရာ၊ဆရာမများအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ လားရှိုးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဦးသောင်းဖေက တတိယဆုနှင့် ဂုဏ်ပြုလက်မှတ်များကို လည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းမှူးက ဘာသာပြဆရာ၊ ဆရာမများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ရာ ဆရာ၊ ဆရာမများကိုယ်စား ဆရာမဒေါ်အိဆိုင်ဟိန်းက လက်ခံရယူ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းမှူးသည် လားရှိုးဒီဂရီကောလိပ် ကမ္ဘောဇခန်းမရှိ လားရှိုးဒီဂရီကောလိပ်၊ နည်းပညာကောလိပ်နှင့် ကွန်ပျူတာကောလိပ်တို့မှ ဆရာ၊ ဆရာမများအား တွေ့ဆုံအမှာစကားပြောကြားပြီး လားရှိုးဒီဂရီကောလိပ်အတွင်း လှည့်လည်ကြည့်ရှုသည်။

ထို့မှတစ်ဆင့် တိုင်းမှူးသည် ဝိဇယဘူမိမဟာအောင်မြေ မင်္ဂလာကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်သည့် ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး မြန်မာမှုအနုပညာလက်ရာများကို လှည့်လည်ကြည့်ရှု ကြည်ညိုသည်။

ထို့နောက် တိုင်းမှူးသည် မြို့ဦးစေတီတော်အနီး သုခမင်္ဂလာဆင်းရွှေလီ သာသနဗိမာန်တော်အဆောက်အအုံသစ် တည်ဆောက်ရေး လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ လိုက်ပါရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြား ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် လားရှိုးမြို့၊ အစိုးရ ကွန်ပျူတာကောလိပ် (လားရှိုး)သို့ရောက်ရှိရာ အစည်းအဝေးခန်းမ၌ ခေတ္တကျောင်းအုပ်ဆရာမကြီး ဒေါက်တာဒေါ်ငြိမ်းငြိမ်းမျိုးကကျောင်းနှင့် ပတ်သက်သည်များကိုရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များမှာကြားကာ ကျောင်းအဆောက်အအုံနှင့် စာသင်ခန်းများအခြေအနေကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။ (သတင်းစဉ်)

အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ အောင်ဇေယျအိမ်ရာနေ ဦးစန်းလွင်-ဒေါ်သန်းသန်းဌေး (မြနန်းသပြေ တာယာရောင်းဝယ်ရေး၊ ဘုရင့်နောင်ဈေး) မိသားစုက အင်းစိန်မြို့ကွက်သစ် မာလာရာမဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ တန်ဖိုးငွေကျပ် ၁၆၅၀၀၀ရှိ ကားတာယာငါးလုံးလှူဒါန်းရာ အသင်းဒုတိယဥက္ကဋ္ဌ(၂) ဦးအေးသိန်း၊ တွဲဖက်ဘဏ္ဍာရေးမှူး(၂) ဦးစိုးမြင့်တို့က လက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။
(ကြေးမုံ)

တက္ကသိုလ်များခြေလျင်/ တောင်တက်အသင်း မိတ်ဆုံဂုဏ်ပြုပွဲ

ရန်ကုန် ဇွန် ၅

တက္ကသိုလ်များ ခြေလျင်တောင်တက်အသင်းနှင့် ရန်ကုန်တက္ကသိုလ် ခြေလျင်နှင့် တောင်တက်အသင်းတို့က ကြီးမှူး၍ ၁၉၈၆ခုနှစ် တက္ကသိုလ်များ ခြေလျင်တောင်တက်အသင်း၏ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပုပ္ပားတောင်ခရီးစဉ် တောင်တက်အဖွဲ့ဝင်များ နှစ်(၂၀)မြောက်၊၁၉၉၆ခုနှစ် ဝိတိုရိယခရီးစဉ် တောင်တက်အဖွဲ့ဝင်များ၏ (၁၀)နှစ်မြောက် ပြန်လည်တွေ့ဆုံပွဲနှင့် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ရှမ်းပြည်နယ်၊ ချင်းပြည်နယ် ခရီးစဉ်များတွင် ပါဝင်ခဲ့သူများအား ဂုဏ်ပြုပွဲကို ဇွန် ၂၅ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်းရှိ တော်ဝင်နှင်းဆီဥယျာဉ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

ကြေးမုံ The Mirror **အင်တာနက်စီးပွားရေးသတင်း**

ကမ္ဘာ့ပင်လယ်ရေကြောင်းလုပ်ငန်း ဈေးကွက်သည် အလွန်ကြီးမား ကျယ်ပြန့်သော ဈေးကွက်ဖြစ်လာသည်။ ပုံတွင် ကုန်သေတ္တာတင်သင်္ဘောတစ်စင်းကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့အကြီးကျယ်ဆုံး သင်္ဘောလုပ်ငန်း ကုန်စည်ပြပွဲ ၇၈ နိုင်ငံမှ ကုမ္ပဏီပေါင်း ၁၅၀၀၀ ပါဝင်ပြသ

အေသင် ဇွန် ၅

ကမ္ဘာပေါ်တွင် အကြီးကျယ်ဆုံးသော သင်္ဘောလုပ်ငန်းဆိုင်ရာ ကုန်စည်ပြပွဲကို ဂရိနိုင်ငံ အေသင်မြို့တွင် ဇွန် ၅ရက်က ဖွင့်လှစ်လိုက်သည်။

အဆိုပါပြပွဲတွင် ကမ္ဘာ့နိုင်ငံပေါင်း ၇၈ နိုင်ငံမှ ကုမ္ပဏီပေါင်း ၁၅၀၀၀က ပါဝင်ပြသလျက်ရှိသည်။

သင်္ဘောလုပ်ငန်းဆိုင်ရာ ကုန်စည်ပြပွဲတွင် သင်္ဘောဖြင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်နေသည့် ကုမ္ပဏီများက ငါးရက်တိုင်တိုင် ပြသသွားမည်ဖြစ်သည်။

သင်္ဘောလုပ်ငန်းဆိုင်ရာ ကုန်စည်ပြပွဲကို နှစ်နှစ်လျှင်တစ်ကြိမ် ခင်းကျင်းပြသပြီး ပိုဆီဒိုနီးယားပင်လယ်ရေကြောင်း ကုန်စည်ပြပွဲဟူ၍ အမည်ပေးထားသည်။

ယနေ့ကာလတွင် ကမ္ဘာ့ပင်လယ်ရေကြောင်းလုပ်ငန်း ဈေးကွက်မှာ အမေရိကန်ဒေါ်လာ ဘီလီယံပေါင်းများစွာအထိ ကြီးမားကျယ်ပြန့်နေသော ဈေးကွက်ဖြစ်ကြောင်း၊ ကမ္ဘာ့သင်္ဘော တင်ပို့ရေးလုပ်ငန်းများ၏ အလားအလာမှာ အထူးတိုးတက်ကောင်းမွန်လျက်ရှိကြောင်း ပိုဆီဒိုနီးယား ကုန်စည်ပြပွဲကျင်းပရေး တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အကြိမ်(၂၀)မြောက် ကျင်းပသည့် သင်္ဘောလုပ်ငန်းဆိုင်ရာ ကုန်စည်ပြပွဲတွင် ပထမဆုံးအကြိမ် ပါဝင်ပြသသော နိုင်ငံများတွင် ဩစတြေးလျ၊ ဘယ်လ်ဂျီယံ၊ အိုင်ယာလန်နှင့် အီတလီနိုင်ငံတို့ ပါဝင်သည်။

ဂရိနိုင်ငံ၏ ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေးကဏ္ဍသည် ၂၀၀၄ခုနှစ်တွင် ယူရို ၁၂ဒသမ၃ဘီလီယံ (ဒေါ်လာ ၁၅ဒသမ၆ဘီလီယံ)ဝင်ငွေရှိခဲ့ပြီး ယင်းမှာ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး(ဂျီဒီပီ)၏ ၇ရာခိုင်နှုန်းဖြစ်သည်။

အင်တာနက်။



ပဌာန်းစာဝါ ပို့ချမည်

ရန်ကုန် ဇွန် ၅

ဇဟန်း ၃ လမ်း မြို့မရပ်ကွက် ဇဟန်းမြို့နယ် သုဓမ္မာတိုက်တွင်းရှိ သုဓမ္မာတိုက်ကျောင်း၌ မဟာပဌာန်းဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါယမအရှင်သူမြတ်က ဇူလိုင် ၁၇ ရက်မှစ၍ နေ့စဉ် မွန်းလွဲ ၂ နာရီတွင် စာဝါပို့ချမည်ဖြစ်ရာ တက်ရောက်လိုသော သံဃာတော်များနှင့် လူပုဂ္ဂိုလ်များ အထက်ပါ စာသင်တိုက်သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(က–ပ)

စက်မှုဇုန်များ လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိရေး ဆောင်ရွက်သွားမည် ဓာတ်အားကိုအကျိုးရှိရှိအသုံးပြုပြီး ကုန်ထုတ်တိုးတက်ရေး ကြိုးပမ်း

ရန်ကုန် ဇွန် ၅

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဗိုလ်မှူးကြီးခင်မောင်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၂ရက်တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စိန်ပန်းမြိုင်ဓာတ်အားခွဲရုံသို့ ရောက်ရှိ၍ ဓာတ်အားခွဲရုံမှူး ဦးမြတ်နိုင်ဦးက မဟာဓာတ်အားလိုင်းနှင့် ဓာတ်ငွေ့စက်ရုံများမှ ဓာတ်အားရရှိမှု၊ ရန်ကုန်မြို့တော်အတွင်း ဓာတ်အားပြန်လည်ဖြန့်ဝေမှုနှင့် မြို့နယ်အလိုက် ဓာတ်အားလိုင်း ဆက်သွယ်မှုစနစ်များကို ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက ဖြည့်စွက်တင်ပြကြပြီး ဝန်ကြီးက ပြည်သူများ အမှန်တကယ်လိုအပ်သောအချိန်တွင် မီးမပြတ်ရရှိရေး၊ နိုင်ငံ့ဝန်ထမ်းဖြစ်သည်နှင့်အညီ လုပ်ငန်းတာဝန်များကို ကြိုးကြိုးစားစားဖြင့် တာဝန်ကျေပွန်အောင်ဆောင်ရွက်ရေးတို့ကို မှာကြားကာ ဓာတ်အားခွဲရုံကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် မရမ်းကုန်းမြို့နယ် မရမ်းကုန်းဓာတ်အားခွဲရုံသို့ရောက်ရှိရာ ဓာတ်အားခွဲရုံမှူး ဦးငွေဝင်းနှင့် တာဝန်ရှိသူများက ဓာတ်အားလက်ခံရရှိမှုနှင့် မြို့နယ် အသီးသီးသို့ ဖီဒါအလိုက် ဓာတ်အား ဖြန့်ဝေမှုစနစ်တို့ကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လက်ခံရရှိသော ဓာတ်အားများကို ပျောက်ဆုံးမှု မရှိစေရေးအတွက် စနစ်တကျ မှတ်တမ်းထားရှိ ဖြန့်ဖြူးရေးနှင့် ဓာတ်အားဖြန့်ဖြူးရာတွင် တွေ့ရှိရသည့် အခက်အခဲများကို တာဝန်ရှိသူများထံ တင်ပြပြီး အမြန်ဖြေရှင်းပေးရေးတို့ကို မှာကြားကာ ဓာတ်အားခွဲရုံကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇွန် ၃ ရက်တွင် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်မြို့ လှိုင်သာယာစက်မှုဇုန် အမှတ် (၁) ရှိ ကနောင်ခန်းမသို့ ရောက်ရှိပြီး စက်မှုဇုန် ကြီးကြပ်ရေးကော်မတီဝင်များ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံရာ ရှေးဦးစွာ ရန်ကုန် မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်းက ရန်ကုန်မြောက်ပိုင်းခရိုင် အတွင်း ပြည်သူများ၏ လျှပ်စစ်ဓာတ်အားသုံးစွဲရရှိမှု အခြေအနေနှင့် လှိုင်သာယာစက်မှုဇုန်ရှိ စက်ရုံများ၏ ကုန်ထုတ်လုပ် ဖြန့်ဖြူးမှုအခြေအနေ၊ လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဝန်ကြီးက အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကကျသော လျှပ်စစ်စွမ်းအားကို အချိန်ကာလသတ်မှတ်၍ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ နိုင်ငံတော်အနေဖြင့်လည်း ကုန်ထုတ်စွမ်းအားတိုးတက် မြင့်မားလာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဗိုလ်မှူးကြီးခင်မောင်စိုးက လုပ်ငန်းရှင်များအနေဖြင့် ထုတ်ပြန်ထားသော စည်းမျဉ်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်လုပ်ကိုင်သွားရေး၊ မသမာသောနည်းဖြင့် လျှပ်စစ်မီးသုံးစွဲမှုများရှိလျှင် သတင်းပေးစေလိုရေးတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးတင်အောင်က လျှပ်စစ်ဓာတ်အားသုံးစွဲမှုနှင့် ပတ်သက်၍ ပြည်သူလူထုကို ယခုလက်ရှိအခြေအနေထက် ပိုမိုတိုးမြှင့်သုံးစွဲနိုင်စေရန်အတွက် ဓာတ်အားလိုင်းသစ်များ တိုးချဲ့တည်ဆောက်မှုအခြေအနေများ၊ လက်ရှိ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေသော အစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာချုပ် ဦးထွန်းအေးက စက်မှုဇုန်များ လျှပ်စစ်မီးရရှိမှု၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှု အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစောဝင်းက ဓာတ်အားခွဲရုံများမှရရှိသော လျှပ်စစ်ဓာတ်အားကို ပြည်သူလူထုနှင့် စက်မှုဇုန်များသို့ အချိုးကျ ဖြန့်ဖြူးပေးနေမှု အခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းပေးပြီး ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆွေးနွေးမှာကြား

ထိုမှ တစ်ဆင့် ဝန်ကြီးသည် လှိုင်သာယာဓာတ်အားခွဲရုံ အမှတ်(၁)သို့ ရောက်ရှိရာ ရန်ကုန်မြောက်ပိုင်း ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးသက်တင်က ဓာတ်အားလက်ခံရရှိမှု၊ စက်မှုဇုန်နှင့် မြို့နယ်များသို့ ဓာတ်အားဖြန့်ဝေပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ဓာတ်အားခွဲရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေး၍ စက်မှုဇုန်များသို့ သတ်မှတ်ချိန်အတိုင်း ဓာတ်အား ဖြန့်လွှတ်ပေးရန်မှာကြားသည်။ ယင်းနောက် ဝန်ကြီးသည် လှိုင်သာယာမြို့နယ် တပင်ရွှေထီးလမ်းရှိ မြန်မာ့လျှပ်စစ်အလင်းရောင် ကုမ္ပဏီလီမိတက်၏ ကျောက်တိုင် ထုတ်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာဥက္ကဋ္ဌ ဦးသန်းဝင်းက ကုမ္ပဏီ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေးမှာကြား၍ ကျောက်တိုင်ထုတ်လုပ်နေမှု လုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

အကျိုးရှိရှိအသုံးပြု

ဆက်လက်၍ ဝန်ကြီးသည် လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်ရှိ ကနောင်ခန်းမသို့ ရောက်ရှိရာ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းက ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း စက်မှုဇုန်များ၏ တည်နေရာ၊ ကုန်ထုတ်လုပ်ဖြန့်ဖြူးမှု၊ လျှပ်စစ်ဓာတ်အားရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက စက်မှုဇုန်များ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးအတွက် တာဝန်ရှိသူများနှင့် နည်းမျိုးစုံဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွား မည်ဖြစ်ကြောင်း၊ ရရှိလာသော လျှပ်စစ်ဓာတ်အားကို အကျိုးရှိရှိအသုံးပြုပြီး ကုန်ထုတ်စွမ်းအား တိုးတက်ရေး ဆောင်ရွက်သွားစေလိုကြောင်း၊ လျှပ်စစ်ဓာတ်အား ချို့ယွင်းမှုများ ဖြစ်ပေါ်လာပါက မိမိတို့ ဝန်ကြီးဌာန၏ တာဝန်ရှိသူ အဆင့်ဆင့်ထံသို့ အမြန်ဆုံးဆက်သွယ် သတင်းပို့သွားကြစေလိုကြောင်း၊ ဝန်ကြီးဌာန၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းပျက်စီးစေမည့် ဝန်ထမ်း အတုအယောင်များကိုလည်း လုပ်ငန်းရှင်များနှင့် ပြည်သူလူထုက ဝိုင်းဝန်းဖော်ထုတ်ရန် ကူညီပေးစေလိုကြောင်းဖြင့် ပြောကြားသည်။ ထို့နောက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဗိုလ်မှူးကြီး ခင်မောင်စိုးက ရန်ကုန်မြို့တော်အတွင်း ရရှိသောလျှပ်စစ်ဓာတ်အားနှင့်ပြန်လည် ဖြန့်ဖြူးပေးသော အခြေအနေများ၊ လျှပ်စစ်ဓာတ်အားကို ခြိုးခြံချွေတာ သုံးစွဲရန်နှင့် ၂၄ နာရီ စဉ်ဆက်မပြတ် လျှပ်စစ်ပေးနိုင်ရန်အတွက် ကြိုးပမ်း ဆောင်ရွက်သွားမည့် အစီအစဉ်တို့ကို လည်းကောင်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးတင်အောင်က မဟာဓာတ်အားလိုင်း တည်ဆောက်မှု အခြေအနေများ၊ မိတ္ထီလာမှ ပဲခူးအထိ ၅၀၀ ကေဗွီအေ ဓာတ်အားလိုင်း တည်ဆောက်မှု အခြေအနေများ၊ လှိုင်သာယာ၊ မြောင်းတကာ ၂၃၀ ကေဗွီအေခွဲရုံ တည်ဆောက်ပြီးစီးပါက လှိုင်သာယာ စက်မှုဇုန်များကို ၂၄နာရီ လျှပ်စစ်အဆက်မပြတ် ပေးနိုင်မည့်အစီအစဉ်တို့ကို လည်းကောင်း၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာချုပ် ဦးထွန်းအေးက စက်ရုံများ လျှပ်စစ်ရရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ ပြည်သူများ အမှန်တကယ် လိုအပ်သော လျှပ်စစ်ဓာတ်အားကို တစ်နေ့ထက်တစ်နေ့ ပိုမိုပေးနိုင်အောင် တာဝန်ရှိသူ အဆင့်ဆင့်က ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ ယခုအခါ လှိုင်သာယာ၊ ဘုရင့်နောင်၊ သန်လျင်ဓာတ်အားခွဲရုံများကိုလည်း စီမံကိန်းများဖြင့် အသစ်တိုးချဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်ဓာတ်အား ထုတ်ယူရရှိမှု ပမာဏနှင့် သုံးစွဲမှုပမာဏ ကွာဟမှုများပြားပါက ဓာတ်အား ပြတ်တောက်မှုများ ဖြစ်ပေါ်လာနိုင်သဖြင့် လျှပ်စစ်ဓာတ်အား သုံးစွဲရာတွင် မှန်မှန်ကန်ကန် ခြိုးခြံချွေတာသုံးစွဲခြင်းဖြင့် ကူညီဆောင်ရွက်ပေးရန်လိုမှုတို့ကို လည်းကောင်း၊ လျှပ်စစ်စွမ်းအား ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစောဝင်းက လျှပ်စစ်ဓာတ်အားကို မျှမျှတတပေးမည့်အစီအစဉ်၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု အနည်းဆုံးဖြစ်အောင် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်မီးသုံးသူပြည်သူများအနေဖြင့် မသမာမှုများ ပပျောက်အောင် ဝိုင်းဝန်းဆောင်ရွက်ရန်လိုမှု၊ ဓာတ်အားယူနစ် ပျောက်ဆုံးမှု အနည်းဆုံးဖြစ်အောင် တာဝန်ရှိသူများက အလေးထားဆောင်ရွက်လျက်ရှိမှုတို့ကိုလည်းကောင်း၊ ရွှေလင်ပန်းစက်မှုဇုန်ဥက္ကဋ္ဌ ဦးသိန်းဇော်က စက်မှုဇုန်များ၌ လျှပ်စစ်ဓာတ်အားရရှိမှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရွှေပြည်သာမြို့နယ် စက်မှုဇုန်အပိုင်း (၁) ဥက္ကဋ္ဌ ဦးခင်စိန်က ကျေးဇူးတင်ဝမ်းမြောက်စကားကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လုပ်ငန်းရှင် အသီးသီး၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းပေးကာ ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

(သတင်းစဉ်)

✧ စာမျက်နှာ ၃ ဆောင်းပါးမှအဆက်

ယင်းသို့သော အနေအထားတို့ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးက ရှုမြင်သုံးသပ်တော်မူကာ သမ္မောဒနီယကထာကို ဝမ်းမြောက်စွာ ဆက်လက်မိန့်မြွက်တော်မူ၏။

“အရှင်မြတ်တို့၏ ကြိုးပမ်းအားထုတ်မှု၊ အောင်မြင်မှုများသည် တပည့်တော်တို့၏ ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီးတွင် ထိပ်တန်းကျသော အောင်မြင်မှုများဖြစ်သည့်အတွက် သာသနာတော် တိုးတက်ပွင့်လန်းမှုအရေး မြော်တွေးကာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေနှင့် အလွန်တရာ ဝမ်းသာဂုဏ်ယူလျက်ရှိကြပါသည်။

“နိုင်ငံတော်အစိုးရနှင့် ပြည်သူပြည်သား ဒါယကာ၊ ဒါယိကာမများတို့သည်လည်း အရှင်မြတ်တို့၏ အားထုတ်မှု၊ အောင်မြင်မှုများကို လွန်စွာအားရ ကြည်ညိုမှုရှိကြသည့် အားလျော်စွာ ယခု (၅၈)ကြိမ်မြောက် တိပိဋကဓရ ချီးကျူးပူဇော်ပွဲကြီးတွင် ပသံသာကာရ ပူဇနိယဝတ္ထု အစုစုတို့ဖြင့် ပူဇော်ကြ လှူဒါန်းကြသည်မှာ လိုလေသေးမရှိဟု ဆိုရမလောက်အောင်ပင် ပြည့်စုံလှပါသည်။

“ရဟန်းများအား ဒါယကာ၊ ဒါယိကာမတို့က ပစ္စည်းလေးပါးတို့ကို လှူဒါန်းထောက်ပံ့ခြင်းဖြင့် ဖြစ်စေနိုင်ခဲ့သော အားထုတ်မှုမျိုးကို အားထုတ်လျက်ရှိကြသကဲ့သို့ ရဟန်းများကလည်း ပရိယတ်သာမက ပဋိပတ်ဘက်ဆက်လက်အားထုတ်ရင်း ဖြစ်စေနိုင်ခဲ့သော အားထုတ်မှုမျိုးဖြင့် တုံ့ပြန်ချီးမြှောက်ကြရန် မိန့်ကြားတော်မူရင်း–

“ဤကဲ့သို့ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီဆိုသကဲ့သို့ အချင်းချင်း ညီညီညာညာ ကြည်သာဝမ်းမြောက် ချီးမြှောက်မှုပြုကြ၍ သာသနာတော်မြတ်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ကြပါက ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးသည် နှစ်ပေါင်းမြားမြောင် ငါးထောင်မက ရှည်ကြာတည်တံ့နိုင်ပါသည်”

သို့ဖြင့် စာမေးပွဲကျင်းပရက် တစ်လကျော်ကြာအောင် ကျင်းပရသောကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် မည်သည့်နိုင်ငံကမျှ မကျင်းပနိုင်ဘဲ မြန်မာတစ်နိုင်ငံတည်း၌သာ ကျင်းပနိုင်ခြင်း၊ ဆဋ္ဌမူစာအုပ်ကြီး စာမျက်နှာ ၈၀၂၆ မျက်နှာကို အထစ်အငေါ့မရှိ ရှောရှောရှူရှူ အာဂုံပြန်ဆိုနိုင်မှသာ တိပိဋကဓရဘွဲ့၊ ပါဠိတော်လာ အဓိပ္ပာယ်များနှင့် အဋ္ဌကထာ၊ ဋီကာများလာ အဓိပ္ပာယ်များကို တိကျမှန်ကန်စွာ၊ ကျွမ်းကျင်နှံ့စပ်စွာ ရေးသားဖြေဆိုနိုင်မှသာ တိပိဋက ကောဝိဒဘွဲ့ ရရှိနိုင်သောကြောင့် ဗိုလ်ငါးပါးအားငါးတန် ဖွဲ့သန်ဉာဏ်သွား နှလုံးသားသမာဓိ ခိုင်ခိုင်ရှိတော်မူကြသည့် သာသနာ့အာဇာနည်များ မြန်မာမှာအဆက်မပြတ် ပေါ်ထွန်းလျက်ရှိခြင်း၊ မြန်မာဆရာတော်များ ပြုစုထားသည့် တိပိဋက ပါဠိ–မြန်မာ အဘိဓာန်ကျမ်းကြီးကို အခြားထေရဝါဒ နိုင်ငံများက ၎င်းတို့၏ ဘာသာစာပေဖြင့် ပြန်ဆိုရန် ကြိုးပမ်းအားထုတ်နေကြသော်လည်း ယနေ့အထိ အောင်မြင်ပြီးမြောက်မှု မရှိသေးဘဲဖြစ်နေချိန်ဝယ် မြန်မာကသော်မူ ပုံနှိပ်ပြီး ၁၈ တွဲအပြင် ကျန်လေးတွဲကို ပါ မကြာမီကာလအတွင်း ပြီးစီးအောင်မြင်အောင် ဆောင်ရွက်နိုင်စွမ်းရှိနေသည်သာမက ပါဠိ–မြန်မာ အဘိဓာန်ကို ကမ္ဘာသုံးအင်္ဂလိပ်ဘာသာ စာပေနှင့်ပါ ပြန်ဆိုထုတ်ဝေနိုင်ဖို့ တစ်ဆင့်တက် ကြိုးပမ်းလျက်ရှိကြရာ ပဏာမအနေဖြင့် အဘိဓာန်အကျဉ်းကို အင်္ဂလိပ်ဘာသာကျွမ်းကျင်သော ရဟန်းပညာရှင်၊ လူပုဂ္ဂိုလ် ပညာရှင်များက အဖွဲ့ငါးဖွဲ့ခွဲလျက် ရေးသားပြန်ဆိုပြုစုနေသောကြောင့် မကြာမီကာလဝယ် မြန်မာသည် ပိဋကစွယ်စုံဂုဏ်ထူးကိုပါ ထပ်ဆောင်းရရှိဦးမည်ဖြစ်ခြင်းတို့ကြောင့် ထေရဝါဒ ဗုဒ္ဓသာသနာ ပထမမြန်မာအဖြစ် ထွန်းသစ်တောက်ပလျက်ရှိသည့်နည်းတူ ဤမြန်မာနိုင်ငံ၌ ဗုဒ္ဓမြတ်စွာ သာသနာသည် ရှည်ကြာမြားမြောင် နှစ်ငါးထောင်မက ထွန်းပြောင်ပြီးပြက် ရောင်ချင်းယှက် လင်းလက်တောက်ပနေမည်သာ ဖြစ်ပါသတည်း။ ။

ပညာရပ်ဆိုင်ရာ တိုးပွားဖြစ်ထွန်းမှုများကို တက္ကသိုလ်၊ ကောလိပ်များ၊ ဆရာ ဆရာမများကဦးဆောင်ပြီး တစ်ပြေးညီလိုက်ပါ မိမိတို့၏ပညာရပ်ဆိုင်ရာ ကြိုးပမ်းဆောင်ရွက်ချက်များကို အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်၌ တည့်မတ်နေအောင်ထိန်းကျောင်း

➪ ရှေ့ဖုံးမှ

တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဗဟိုဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်နှင့်ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့ အချိန်အခါတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို လွတ်လပ်သော အချုပ်အခြာ အာဏာပိုင်နိုင်ငံတစ်နိုင်ငံပီသစွာဖြင့် နိုင်ငံတကာအလယ်၌ ဂုဏ်သိက္ခာရှိရှိ ရပ်တည်နေနိုင်စေရန်နှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ဖြစ်ထွန်းလာစေရန် ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးပမ်းတည်ဆောက်နေကြောင်း။

ယင်းသို့ မိမိနိုင်ငံမိမိ ကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် နိုင်ငံတော်ကြီး ကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးစသည့် ရှုထောင့်အသွယ်သွယ်ဖြင့် နယ်ပယ်ကဏ္ဍစုံ၌ နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရအောင် ရည်မှန်းချက်မြင့်မြင့် မားမားထားရှိပြီး ဦးတည်ချက် ရှိရှိဖြင့် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ပါဝင်စွမ်းဆောင်

နိုင်ငံတော်ကို ကိုယ့်ခွန်ကိုယ့်အားဖြင့် တည်ဆောက်မြှင့်တင်နိုင်စေရန် သာမက ရရှိဖြစ်ထွန်းလာသော ဖွံ့ဖြိုးတိုးတက်မှုအပေါင်းကို ရေရှည်တည်တံ့ ခိုင်မြဲစေရအောင် စောင့်ရှောက်ထိန်းသိမ်းနိုင်စေရန်ဆိုရာတွင် မိမိနိုင်ငံသူ နိုင်ငံသားများအားလုံးက တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်မြင့်မားစွာဖြင့် ညီညီညွတ်ညွတ် ပူးပေါင်းပါဝင် စွမ်းဆောင်ကြရန် လိုအပ်သည့်အပြင် အမျိုးသားရေး ကိုယ်ခံစွမ်းအားကောင်းကောင်း၊ ပညာ စွမ်းအား ပြည့်ပြည့်ဝဝ၊ အရည်အသွေး မြင့်မြင့်မားမားဖြင့် စွမ်းဆောင်ပေးနိုင် စွမ်းရှိရန်လည်းလိုအပ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော် အစိုးရအနေဖြင့် ပညာရေးကဏ္ဍ တိုးတက်မြင့်မား ရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာတွင် သာမန်ကြိုးစားအားထုတ်မှုမျှသာ မဟုတ်ဘဲ အမျိုးသားပညာရည် မြင့်မားရေးဆိုသည့် အမျိုးသားရေးဦးတည် ချက်ထားရှိပြီး မိမိနိုင်ငံသူ နိုင်ငံသားများကို အရည်အသွေး ထက်မြက်မြင့်မား သော ပညာစွမ်းအားဖြင့် ပြည့်စုံစေရအောင် စနစ်တကျ ကြိုးပမ်းဆောင်ရွက်နေ ခြင်းဖြစ်ကြောင်း။

စီမံကိန်းများချမှတ်

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသား စီးပွားရေးစီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ ဤစီမံကိန်း များနှင့် လိုက်လျောညီထွေစွာ စိုက်ပျိုးရေး၊ သစ်တော၊ သတ္တု၊ ကျန်းမာရေး၊ ပညာရေးစသည့် ကဏ္ဍအသီးသီးတွင်လည်း အနှစ်(၃၀) နှစ်ရှည်စီမံကိန်းများကို ကာလတို ငါးနှစ်စီမံကိန်းများဖြင့် ပိုင်းခြားချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို တက္ကသိုလ်၊ကောလိပ် ဆရာဆရာမများ အားလုံး သိရှိကြပြီးဖြစ်ကြောင်း။

ယခုဆိုလျှင် အမျိုးသားစီးပွားရေးစီမံကိန်း၏ တတိယကာလတို ငါးနှစ်စီမံကိန်းကာလ ပြီးဆုံးပြီဖြစ်သည့်အပြင် စီမံကိန်းရည်မှန်းချက်များလည်း ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဤတိုးတက်အောင်မြင်မှုများကို အရှိန်ယူပြီး ၂၀၀၆–၂၀၀၇ ခုနှစ်က စတင်သော စတုတ္ထကာလတို ငါးနှစ်စီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက် နေပြီဖြစ်ကြောင်း။

ဤစတုတ္ထကာလတို ငါးနှစ်စီမံကိန်းတွင် ဦးစားပေး အကောင်အထည် ဖော် ဆောင်ရွက်သွားမည့် အဓိကဦးတည်ချက်များကို သတ်မှတ်ထားရှိရာတွင် လည်း "လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး" ဆိုသည့် ဦးတည်ချက်ကို ထည့်သွင်းချမှတ်ထားပြီးဖြစ်ကြောင်း။

ဤဦးတည်ချက်နှင့်အညီ နိုင်ငံတကာသိပ္ပံနှင့် နည်းပညာ တိုးတက် ပြောင်းလဲမှုများနှင့် လျော်ညီစွာ မိမိနိုင်ငံတော်အတွင်း သိပ္ပံနှင့်နည်းပညာများ နယ်ပယ်ကဏ္ဍစုံ၌ထွန်းကားပြန့်ပွားစေရန် အရည်အသွေးမြင့်မားပြီး ထူးချွန် ထက်မြက်သည့် ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်များ၊ စက်မှုပညာရှင်များ၊ အင်ဂျင်နီယာ များ၊ ဆေးပညာရှင်များစသောလူ့စွမ်းအားအရင်းအမြစ်များ ရှင်သန်ဖွံ့ဖြိုးစေရန်၊ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများ အပါအဝင် နိုင်ငံတကာအဆင့်မီ ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်ဖြစ်ထွန်းစေရန်နှင့် ဤအခြေခံကောင်းများကို ထိရောက်စွာအသုံးပြု နိုင်သည့် စဉ်ဆက်မပြတ် လေ့လာသင်ယူနေသော မြန်မာ့လူ့ဘောင်အဖွဲ့ အစည်းကြီး ပေါ်ထွန်းလာစေရန်ဆိုသည့် မျှော်မှန်းချက်များဖြင့် အမျိုးသားပညာ ရည်မြင့်မားရေးစီမံကိန်းများကို ယနေ့အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိကြောင်း။

ယနေ့ အချိန်အခါတွင် နိုင်ငံတကာ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှု များ၊ သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုသည် ပညာရေး အပါအဝင် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများအားလုံးကို အရှိန်အဟုန်ပြင်းစွာ လွှမ်းမိုး ရိုက်ခတ်လျက်ရှိကြောင်း၊ ယင်းသို့ သိပ္ပံနှင့်နည်းပညာရပ်များ၊ ICT နည်းပညာ ရပ်များ၏ တိုးတက်ပြောင်းလဲမှုအရှိန်အဟုန်နှင့်လိုက်လျောညီထွေစွာ မကျင့်သုံး နိုင်မှုကြောင့် မိမိတို့ပညာရေးလောက နိမ့်ကျသွားရသည့် အခြေအနေမျိုးမဖြစ် ပေါ်စေရအောင်နှင့် ဤတိုးတက်ဖြစ်ထွန်းမှုများကို မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် အကျိုးရှိထိုက်တန်စွာဖြင့် ဆီလျော်ညီညွတ်စွာ အသုံးပြုနိုင်စေရအောင် ပညာရေး ကဏ္ဍအနေဖြင့် အနာဂတ်ကိုမျှော်မှန်းသော ပြုပြင်ပြောင်းလဲမှုများကို ယခုကပင် ပြင်ဆင်ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ဤမျှော်မှန်းချက်ပြည့်မြောက်ရေးအတွက် ပညာရေးကဏ္ဍသာမက ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍစုံ၌ တစ်မျိုးသားလုံးက ဦးတည်ချက်ရှိရှိဖြင့် ပါဝင်ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ယင်းသို့ တစ်မျိုးသားလုံး၏ အားထုတ်ကြိုးပမ်းမှုများ အောင်မြင်အကောင်အထည်ပေါ်လာရေးတွင် နယ်ပယ် ကဏ္ဍ အသီးသီး၌ရှိသောပညာရှင်များ ပညာရပ်အသီးသီးက ဆရာ၊ ဆရာမ များအနေဖြင့် အဓိကကျသည့် ရှေ့ဆောင်ရှေ့ရွက်ပြုမှု အခန်းကဏ္ဍကနေ ဦးဆောင်ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

ပိုမိုအရေးပါ

ယနေ့ကဲ့သို့ ICT နည်းပညာ ကြီးစိုးသည့် ခေတ်ကာလတွင် မိမိတို့ လိုလားသောပညာရပ်များကို Internet Website အသီးသီးကတစ်ဆင့် ကိုယ်တိုင်ထုတ်နုတ်လေ့လာနိုင်နေပြီဖြစ်သော်လည်း ကျောင်းသင်ပညာရေးနှင့် ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍသည် ပျောက်ပျက်မသွားသည့်အပြင် ကျောင်းသူ၊ ကျောင်းသားများ၏ လေ့လာသင်ယူမှုတွင် ဆရာ၊ ဆရာမများ အနေဖြင့် ဦးဆောင်လမ်းပြမှု၊ စီမံဖန်တီးပေးမှု အခန်းကဏ္ဍက ပါဝင် ဆောင်ရွက်ပေးရမည့် ပိုမိုအရေးပါသော နေရာကိုရောက်ရှိလာသည်ကိုတွေ့ရ ကြောင်း။

ထို့အပြင် ခေတ်ကာလနှင့်အညီ သိပ္ပံနှင့်နည်းပညာရပ်များ၏ တိုးတက် ဖြစ်ထွန်းမှု၊ ပညာရပ်နယ်ပယ်အသစ်များ တိုးပွားလာမှု၊ ပညာရပ်မျိုးကွဲများ တိုးချဲ့လာမှု စသည့် ပညာရပ်ဆိုင်ရာ တိုးပွားဖြစ်ထွန်းမှုများကို တက္ကသိုလ်၊ ကောလိပ်များနှင့် ဆရာ၊ ဆရာမများက ဦးဆောင်ပြီး တစ်ပြေးညီ လိုက်ပါနေ ကြရမည့် အခြေအနေကိုရောက်ရှိနေပြီလည်း ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်နှင့်အညီလိုအပ်သည့် ပညာရေးဆိုင်ရာ အခြေခံ အဆောက်အအုံများ၊ ICT ဆိုင်ရာ အခြေခံအဆောက်အအုံများနှင့် ပညာရေးဆိုင်ရာ ပတ်ဝန်းကျင်ကောင်းများကို တစ်နိုင်ငံလုံး ဖြန့်ကြက်လွှမ်းခြုံ တည်ဆောက်ပေးထားပြီးဖြစ်ကြောင်း။

ထိထိရောက်ရောက်အသုံးချ

ထို့ကြောင့် တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများက ဖြစ်ထွန်း တည်ရှိနေပြီဖြစ်သည့် ပညာရေးအခြေခံကောင်း၊ ပတ်ဝန်းကျင်ကောင်းများကို အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးချပြီး ပညာရပ်ဆိုင်ရာ အပိုင်းကဏ္ဍတွင် ရော၊ စီမံခန့်ခွဲမှုအပိုင်းကဏ္ဍ၌ပါ ပညာဉာဏ်ဖြင့်ယှဉ်လျက် ကြိုးစားဆောင်ရွက် နိုင်သည်နှင့်အမျှ မိမိတို့၏တပည့် ကျောင်းသူ ကျောင်းသားများအတွက်ရော၊ ပညာရေးလောကနှင့်တကွ နိုင်ငံတော်အတွက်ပါ ထူးခြားသောအကျိုးရလဒ် ကောင်းများ ဖြစ်ထွန်းလာမှာ ဧကန်မလွဲပင်ဖြစ်ကြောင်း။

အရေးအကြီးဆုံးသည် စိတ်ဓာတ်ရေးရာ မြင့်မားခိုင်မာရန်ပင်ဖြစ်ကြောင်း၊ သက်ဆိုင်ရာပညာရပ်ကို မြတ်နိုးသည့်စိတ်ဓာတ်၊ ပညာရပ်တိုးတက်ဖြစ်ထွန်း အောင် ကြိုးစားဖော်ဆောင်လိုသည့်စိတ်ဓာတ်၊ မိမိ၏တပည့်များကို တော်အောင် တတ်အောင်၊ ထူးချွန်ထက်မြက်အောင် လေ့ကျင့်သင်ကြားပေးလိုသည့် စိတ်ဓာတ်နှင့် အဓိကအားဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးကို မိမိတတ်သိကျွမ်းကျင်ရာ ပညာရပ်စွမ်းအားဖြင့် မြှင့်တင်ပေးလိုသော တိုင်းချစ်ပြည်ချစ် မျိုးချစ်စိတ်ဓာတ်တို့ အစဉ်ထာဝရ ထက်မြက်ရှင်သန်နေစေရန်နှင့် ဤခိုင်ကျည် မွန်မြတ်သည့် စိတ်ဓာတ်၊ ကောင်းမြတ်သည့်စေတနာတို့၏စေ့ဆော်မှုဖြင့် မိမိတို့၏ ပညာရပ် ဆိုင်ရာ ကြိုးပမ်းဆောင်ရွက်ချက်များကို အမျိုးသားရေး လမ်းကြောင်းမှန်ပေါ်၌ အစဉ်အမြဲ တည့်မတ်ခိုင်မာစွာ ရှိနေစေရအောင် ထိန်းကျောင်းဆောင်ရွက်သွား ဖို့ပင်ဖြစ်ကြောင်း။

အစွမ်းသတ္တိရှိ

မိမိတို့ မြန်မာလူမျိုးများသည် သမိုင်းခေတ်အဆက်ဆက်တွင် ယဉ်ကျေးမှု အဆင့်အတန်း မြင့်မားပြီး ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး များကို ထူထောင်နိုင်ခဲ့ကြသည့် အစဉ်အလာရှိခဲ့ကြောင်း၊ ထို့အပြင် သမိုင်းစဉ် တစ်လျှောက်၌ တိုင်းရင်းသားလူမျိုးများအားလုံး တစ်စိတ်တည်း တစ်ဝမ်းတည်း အေးအတူပူအမျှ ဥမကွဲသိုက်မပျက် လက်တွဲနေထိုင်ပြီး စည်းလုံးညီညွတ်သော မြို့ပြနိုင်ငံကြီးများ ထူထောင်နိုင်ခဲ့ကြသည့် အစွမ်းသတ္တိလည်း ရှိခဲ့ကြကြောင်း၊ ဤပင်ကိုဗီဇကောင်း၊ အရည်အသွေးကောင်းများ၊ စိတ်ဓာတ်ကောင်း၊ သမိုင်း အစဉ်အလာကောင်းများကို ပြန်လည်ဖော်ထုတ်မြှင့်တင်ပြီး ခေတ်မီနည်းပညာ များ၊ ဝိဇ္ဇာနှင့်သိပ္ပံပညာရပ်များ၏စွမ်းအားဖြင့် ပေါင်းစည်းပေးနိုင်မည်ဆိုလျှင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို ကိုယ့်အင် ကိုယ့်အားဖြင့် တည်ဆောက်နိုင်မှာ မလွဲဘူးဟု ပြောကြားလိုကြောင်း။

ယခုဆိုလျှင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီးကို ဘက်စုံထောင့်စုံ နယ်ပယ်ကဏ္ဍစုံ၌ အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်စေရအောင် ကြိုးပမ်း ဆောင်ရွက်နေသကဲ့သို့ ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းဒေသများ အားလုံး သဟဇာတဖြစ်စွာ ညီညီညွတ်ညွတ်၊ မျှမျှတတဖွံ့ဖြိုးတိုးတက်စေရန် လည်း စီမံကိန်းအသွယ်သွယ်ချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

အကွက်ချတည်ဆောက်နေ

ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများ တည်ဆောက်ပေးလျက်ရှိရာတွင် စက်ရုံအလုပ်ရုံများ၊ ဆည်မြောင်းတာတမံများ၊ ခေတ်မီလေယာဉ်ကွင်းများ၊ ပြည်ထောင်စုလမ်းမကြီးများ၊ မြစ်ကူးချောင်းကူး တံတားကြီးများအပြင် ခေတ်မီဆေးရုံကြီးများနှင့် နိုင်ငံတကာအဆင့် တက္ကသိုလ် နှင့် ကောလိပ်များကိုလည်း နယ်မြေဒေသအနှံ့အပြား၌ အကွက်ချ တည်ဆောက် ပေးလျက်ရှိကြောင်း။

ဤသို့ ပြည်ထောင်စုကြီး တစ်ခွင်လုံး၌ ဖြန့်ကြက်တည်ထောင်ပေးသော တက္ကသိုလ်၊ ကောလိပ်များသည် သက်ဆိုင်ရာနယ်မြေဒေသအတွက် အရည် အသွေးမြင့်မားသည့် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးသည်သာမက ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်မှု အလားအလာများကိုပါ သက်ဆိုင်ရာပညာရပ် စွမ်းအားဖြင့် ဖော်ထုတ်မြှင့်တင်ပေးနိုင်မှသာ နိုင်ငံတော်အစိုးရ၏ မျှော်မှန်းချက် အတိုင်း တစ်ပြေးညီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီး ပေါ်ထွန်းလာမည် ဖြစ်ကြောင်း။

ထို့ကြောင့် တက္ကသိုလ်၊ကောလိပ်မျာ[...]
ဖြစ်သည့် ဆရာ ဆရာမများအနေဖြင့် မိမိ[...]
ရာဒေသ၏ သဘာဝအရင်းအမြစ်များ၊ [...]
ငုပ်လျှိုးနေသောတန်ဖိုးများကို သုတေသ[...]
အတွက် လက်တွေ့ဖော်ဆောင်ပေးနိုင်စေ[...]
ကြိုးပမ်းနေကြရန် တိုက်တွန်းပြောကြား[...]

တီထွင်ကြံဆ[...]

ဒေသအလိုက်တည်ရှိနေသည့် ဇီဝ၊ရု[...]
အမြစ်များနှင့်ပတ်သက်သည့် သုတေသနလ[...]
အလိုက် အထူးပြုထားသော ပညာရပ်မျ[...]
အချင်းချင်းဆက်သွယ်ပေါင်းစပ်ပြီး ပညာ[...]
တီထွင်ကြံဆဆောင်ရွက်သွားရန်လည်း လို[...]
တက္ကသိုလ်များနှင့် အကျိုးတူပူးပေါင်းပြုလု[...]
တိုးချဲ့ဆောင်ရွက်သွားကြရန် ရှိသည့်အ[...]
နိုင်ငံတော်အတွက် လက်တွေ့အကျိုးဖြစ်ထ[...]
အသုံးချသွားကြရန်လည်း တိုက်တွန်းမှာ[...]

အထူးသဖြင့် နယ်ပယ်အသီးသီး၌[...]
အချင်းချင်းသာမက နိုင်ငံတကာနှင့်ပါ ဆ[...]
အောင်တက္ကသိုလ်၊ ကောလိပ် ဆရာဆရာ[...]
တွေးတော အားထုတ်ကြိုးပမ်းဆောင်ရွက်[...]

နိုင်ငံတကာ တိုးတက်ဖြစ်ထွန်းမှုမှ[...]
လိုက်ပါပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၏ ဖွံ့ဖြ[...]
များ အစွမ်းကုန်ပွင့်လင်းလာစေရအောင် [...]
တက္ကသိုလ်၊ ကောလိပ် ဆရာဆရာမ[...]
အားလုံးတွင် တာဝန်ကိုယ်စီရှိကြပါသည[...]

ပိုမိုတာဝ[...]

အထူးသဖြင့် ပညာရပ်ဆိုင်ရာ တိုးတ[...]
ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍများကို ဦ[...]
အချိန်အခါကာလတွင် ပညာရေးကဏ္ဍ[...]
အနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီး[...]
ပေးရန် ပိုမိုပြီးတာဝန်ရှိသည်ဟု တစ်ဆ[...]

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်[...]
အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုး[...]
ဒီမိုကရေစီနိုင်ငံတော်ကြီးကို ညင်သာသိမ်[...]
တည်ဆောက်လျက်ရှိကြောင်း။

နိုင်ငံတော်အေးချမ်းသာယာမှု၊ ခေ[...]
ပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်မှ[...]
တစ်စပ်တည်းသောဖြစ်စဉ်တစ်ရပ်ပင်ဖြစ်[...]
တကယ်လိုလားသော နိုင်ငံသူနိုင်ငံသား[...]
အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ပါ[...]
တာဝန်ရှိကြောင်း။

ဒီမိုကရေစီ အခွင့်အရေးသည် တာဝ[...]
နိုင်ငံတကာကလက်ခံထားသော သဘော[...]
ထို့ကြောင့်ဒီမိုကရေစီလိုလားသူတိုင်းသည် [...]
စည်းကမ်း၊ ရပ်ရွာနှင့်လူ့အဖွဲ့အစည်း၏ [...]
ကြရန် တာဝန်ရှိကြောင်း၊ နိုင်ငံတော်၏ [...]
မိမိတို့၏ လူမှုအခွင့်အရေးများကို ခံစား[...]
အောင်၊ တရားဥပဒေစိုးမိုးအောင်၊ ဖွံ့ဖြ[...]
ဆောင်ရွက်ကြရေးသည် နိုင်ငံသူ နိုင်[...]
ဖြစ်သကဲ့သို့ တာဝန်လည်းဖြစ်ကြောင်း။

အခွင့်အရေးနှင့်တာဝန်

ဒီမိုကရေစီအခွင့်အရေးသည် တာဝန်နှင့် ယှဉ်တွဲလျက်ရှိသည်ဆိုသည်ကို နိုင်ငံတကာက လက်ခံထားသော သဘောတရား တစ်ရပ်ပင်ဖြစ်။ ဒီမိုကရေစီ လိုလားသူတိုင်းသည် နိုင်ငံတော်၏တရားဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ ရပ်ရွာနှင့် လူ့အဖွဲ့အစည်း၏ ကျင့်ဝတ်စည်းကမ်းများကို လိုက်နာကြရန် တာဝန်ရှိ၊ နိုင်ငံတော်၏ ဥပဒေစည်းမျဉ်းဘောင်အတွင်းက မိမိတို့၏ လူမှုအခွင့်အရေးများကို ခံစားရင်း နိုင်ငံတော်တည်ငြိမ်အေးချမ်းအောင်၊ တရားဥပဒေစိုးမိုးအောင်၊ ဖွံ့ဖြိုး တိုးတက်အောင် ပါဝင်ကြိုးပမ်း ဆောင်ရွက်ကြရေးသည် နိုင်ငံသူ နိုင်ငံသားတိုင်း အတွက် အခွင့်အရေးဖြစ်သကဲ့သို့ တာဝန်လည်းဖြစ်။

6-6)08.P65 1 32/5/1, 1:36 PM

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထို့ကြောင့် တက္ကသိုလ်၊ကောလိပ်များအားလုံး အထူးသဖြင့် ပညာရှင်များဖြစ်သည့် ဆရာ ဆရာမများအနေဖြင့် မိမိတို့ တက္ကသိုလ်၊ ကောလိပ်တည်ရှိရာဒေသ၏ သဘာဝအရင်းအမြစ်များ၊ ဖွံ့ဖြိုးမှုအလားအလာများ၊ ဖုံးကွယ်ငုပ်လျှိုးနေသောတန်ဖိုးများကို သုတေသနပြုဖော်ထုတ်ပြီး ဒေသ၏ အကျိုးအတွက် လက်တွေ့ဖော်ဆောင်ပေးနိုင်စေရအောင် အစဉ်တစိုက် အားထုတ်ကြိုးပမ်းနေကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

တီထွင်ကြံဆအသုံးချ

ဒေသအလိုက်တည်ရှိနေသည့် ဇီဝ၊ရုက္ခ၊ ဘူမိစသော သယံဇာတအရင်းအမြစ်များနှင့်ပတ်သက်သည့် သုတေသနလုပ်ငန်းများ၊ သက်ဆိုင်ရာတက္ကသိုလ်အလိုက် အထူးပြုထားသော ပညာရပ်များကို မိမိတို့တက္ကသိုလ်၊ ကောလိပ်အချင်းချင်းဆက်သွယ်ပေါင်းစပ်ပြီး ပညာမျှဝေကြရန် သုတေသနလုပ်ငန်းများ တီထွင်ကြံဆဆောင်ရွက်သွားရန်လည်း လိုအပ်ကြောင်း၊ အထူးသဖြင့် နိုင်ငံခြားတက္ကသိုလ်များနှင့် အကျိုးတူပူးပေါင်းပြုလုပ်သော သုတေသနလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားကြရန် ရရှိသည့်အကျိုးရလဒ်ကို သက်ဆိုင်ရာ ဒေသနှင့် နိုင်ငံတော်အတွက် လက်တွေ့အကျိုးဖြစ်ထွန်းစေရအောင် ထိထိရောက်ရောက် အသုံးချသွားကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း။

အထူးသဖြင့် နယ်ပယ်အသီးသီး၌ မိမိတို့ တက္ကသိုလ်၊ ကောလိပ်အချင်းချင်းသာမက နိုင်ငံတကာနှင့်ပါ ဆက်စပ်ယှဉ်တွဲ ဖွံ့ဖြိုးတိုးတက်စေရအောင်တက္ကသိုလ်၊ ကောလိပ် ဆရာဆရာမများအားလုံးကအမြဲမပြတ် ကြံဆတွေးတော အားထုတ်ကြိုးပမ်းဆောင်ရွက်နေကြရန် လိုအပ်မည်ဖြစ်ကြောင်း။

နိုင်ငံတကာ တိုးတက်ဖြစ်ထွန်းမှုများနှင့် လိုက်လျောညီထွေ ယှဉ်တွဲလိုက်ပါပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၏ ဖွံ့ဖြိုးတိုးတက်မှုအလားအလာကောင်းများ အစွမ်းကုန်ပွင့်လင်းလာစေရအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လည်း တက္ကသိုလ်၊ ကောလိပ် ဆရာဆရာမများအပါအဝင် နိုင်ငံသူနိုင်ငံသားအားလုံးတွင် တာဝန်ကိုယ်စီရှိကြပါသည်ဟု ပြောကြားလိုကြောင်း။

ပိုမိုတာဝန်ရှိ

အထူးသဖြင့် ပညာရပ်ဆိုင်ရာ တိုးတက်ပြောင်းလဲမှုများသည် အခြားသော ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍများကို လွှမ်းခြုံရိုက်ခတ်နေကြသော ယနေ့အချိန်အခါကာလတွင် ပညာရေးကဏ္ဍက ဆရာဆရာမများ၊ ပညာရှင်များအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးရန် ပိုမိုပြီးတာဝန်ရှိသည်ဟု တစ်ဆက်တည်းပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူအများ၏ လိုလားချက်နှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ညင်သာသိမ်မွေ့သော လမ်းစဉ်များဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း။

နိုင်ငံတော်အေးချမ်းသာယာမှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုနှင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်မှုတို့သည် ခွဲခြားမရသည့် တစ်ဆက်တစ်စပ်တည်းသောဖြစ်စဉ်တစ်ရပ်ပင်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကို အမှန်တကယ်လိုလားသော နိုင်ငံသူနိုင်ငံသားတိုင်းသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ပါဝင်ပူးပေါင်းဖော်ဆောင် ပေးကြရန် တာဝန်ရှိကြောင်း။

ဒီမိုကရေစီ အခွင့်အရေးသည် တာဝန်နှင့်ယှဉ်တွဲလျက်ရှိသည်ဆိုသည်ကို နိုင်ငံတကာကလက်ခံထားသော သဘောတရားတစ်ရပ်ပင် ဖြစ်ကြောင်း၊ ထို့ကြောင့်ဒီမိုကရေစီလိုလားသူတိုင်းသည် နိုင်ငံတော်၏တရားဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ ရပ်ရွာနှင့်လူ့အဖွဲ့အစည်း၏ ကျင့်ဝတ်စည်းကမ်းများကို လိုက်နာကြရန် တာဝန်ရှိကြောင်း၊ နိုင်ငံတော်၏ ဥပဒေစည်းမျဉ်းဘောင်အတွင်းက မိမိတို့၏ လူမှုအခွင့်အရေးများကို ခံစားရင်း နိုင်ငံတော်တည်ငြိမ်အေးချမ်းအောင်၊ တရားဥပဒေစိုးမိုးအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် ပါဝင်ကြိုးပမ်းဆောင်ရွက်ကြရေးသည် နိုင်ငံသူ နိုင်ငံသားတိုင်းအတွက် အခွင့်အရေးဖြစ်သကဲ့သို့ တာဝန်လည်းဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်မှုလို

ဤသို့ ပြည်သူအများ လိုလားတောင့်တသည့် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးကို ညင်သာသိမ်မွေ့စွာ ကူးပြောင်းနိုင်ရေးတွင် မိမိနိုင်ငံသူနိုင်ငံသားများ၏ အသိဖြင့်ယှဉ်သော ပညာဖြင့်ယှဉ်သော ပူးပေါင်းဆောင်ရွက်မှုလိုအပ်ကြောင်း၊ ပြည်သူများ အသိဉာဏ် ပညာမြင့်မားမှသာ၊ အသိအမြင် ဗဟုသုတကြွယ်ဝမှသာ အနှောင့်အယှက်၊ အဟန့်အတားအဖုံဖုံ သွေးဆောင်ဖြားယောင်းမှု အမျိုးမျိုးကို ပညာစွမ်းအားဖြင့် ရင်ဆိုင်ကျော်လွှားပြီး မှန်ကန်သောအမျိုးသားရေး လမ်းကြောင်းပေါ်၌ တည့်မတ်ခိုင်မာစွာ ရွေးချယ်လျှောက်လှမ်းနိုင်မည် ဖြစ်ကြောင်း။

မဆုတ်မနစ်ကြိုးပမ်း

ထို့ကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးဆိုသည့် အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်၌ အမိနိုင်ငံတော်ကြီးကို တည့်မတ်မှန်ကန်စွာ တည်ရှိနေစေရေးအတွက် အမျိုးသားပညာရည်မြင့်မားမှုစွမ်းအား၊ အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ၏ စွမ်းအား၊ ပညာ၏စွမ်းအားတို့ဖြင့် ဖော်ဆောင်ပေးနိုင်စေရအောင် တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများအားလုံးက တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ပညာရေးကဏ္ဍ၏ အမျိုးသားရေးတာဝန်များကို မဆုတ်မနစ်ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ

- **ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံပီသစွာ နိုင်ငံတကာဖြင့် ယှဉ်တွဲရပ်တည်နိုင်စေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပေးနိုင်မည့် အမျိုးသားရေး ကိုယ်ခံစွမ်းအားများပြည့်ဝခိုင်မာစေရအောင် အမျိုးသားပညာရည်မြင့်မားမှုကိုအခြေခံပြီး ကြိုးပမ်းတည်ဆောက်ပေးကြပါ၊**
- **အမျိုးသားရေးမျှော်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်မှု ဖြစ်စဉ်အဆင့်ဆင့် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ထက်သန်ခိုင်မာစွာဖြင့် ကျရာအခန်းကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်ကြောင်းဖြင့် ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

သင်တန်းဖွင့်ပွဲအပြီးတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

၈၄၄ ဦး တက်ရောက်

အဆိုပါသင်တန်းသို့ အထက်မြန်မာပြည်ရှိ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား သင်တန်းသူ တက္ကသိုလ်၊ ကောလိပ်ဆရာ၊ ဆရာမစုစုပေါင်း ၈၄၄ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

✻ ဂန့်ဂေါ-ဟားခါးလမ်းမှ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဟားခါးမြို့မှ ဟားခါး- ထန်တလန်-ဆာဆီချောက်လမ်းအတိုင်း ထန်တလန်မြို့သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ လမ်းတစ်လျှောက် လမ်း၊ တံတားလုပ်ငန်းများ၊ ခွဲကျောက်လမ်းခင်းလုပ်ငန်းများ၊ လမ်းဖြတ်ရေပြွန် ဆောက်လုပ်ထားမှုများကိုစစ်ဆေးပြီး ထန်တလန်မြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းရုံးသို့ မွန်းလွဲပိုင်းတွင်ရောက်ရှိသည်။

မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းရုံး၌ ဖလမ်းခရိုင် အင်ဂျင်နီယာမှူးဦးခင်ဇော်က ဟားခါး- ထန်တလန်-ဆာဆီချောက်လမ်း အခြေအနေ၊ လုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ ၂၀၀၆-၂၀၀၇ ခု ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်တို့ကို ဝန်ကြီးအားရှင်းလင်းတင်ပြရာ ချင်းပြည်နယ် အင်ဂျင်နီယာမှူးကြီး ဦးငွန်စန်းအောင်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။ ဝန်ကြီးက ဟားခါးမှ ထန်တလန်အထိ မြို့ချင်းဆက်သည့် လမ်းအပိုင်းကို ပထမအဆင့် ဦးစားပေး၍ တစ်ဆင့်စီ ကတ္တရာလမ်းအဖြစ် တည်ဆောက်ပေးသွားရန်၊ ထန်တလန်-ဆာဆီချောက်လမ်းအပိုင်းကို လက်ရှိလမ်းအဆင့် ထိန်းသိမ်းပေးသွားရန်နှင့် လမ်းတစ်လျှောက် လမ်းဘေးရေမြောင်းများ စနစ်တကျ ပြန်လည်တူးဖော်သွားရန်နှင့် လိုအပ်သည့်နေရာများတွင် လမ်းဖြတ် ရေပြွန်များ တည်ဆောက်ပေးသွားရန် မှာကြားပြီး တင်ပြချက်များမှ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

● နိုင်ငံတော်အစိုးရမှ

နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လိုသဖြင့်လည်းကောင်း၊ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကိုသာ အဓိကထား ဆောင်ရွက်လိုသဖြင့်လည်းကောင်း၊ အသက်အရွယ်များလည်း ကြီးရင့်လာပြီဖြစ်၍ ဘာသာရေးနှင့် ၎င်းတို့မိသားစုများ၏ လူမှုစီးပွားရေးကိုသာ တစိုက်မတ်မတ်လုပ်ကိုင်လို၍ လည်းကောင်း အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ပါတီဝင်အဖြစ်နှင့် ပါတီတာဝန်များမှ နုတ်ထွက်ပါကြောင်း၊ ကွတ်ခိုင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို မူလကအဖွဲ့ဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းထားခဲ့ရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းမောင် အပါအဝင် ပါတီဝင် ၁၀ ဦးတို့က ၎င်းတို့ကိုယ်တိုင်၏ သဘောဆန္ဒအလျောက် စုပေါင်းလက်မှတ်ရေးထိုး နုတ်ထွက်ခဲ့ပြီး အဖွဲ့ဝင် ဦးသန်းထွန်းမှာ အကျဉ်းကျနေသဖြင့် လက်ကျန်ပါတီဝင် မရှိတော့ဘဲ ကွတ်ခိုင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးကို ပိတ်သိမ်းခဲ့ပြီးဖြစ်ကြောင်းဖြင့် ဖော်ပြထားသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) နယ်မြေတစ်ခုလုံး၌ မြို့နယ်အလိုက် အမှုဆောင်အဖွဲ့ဝင်များ နုတ်ထွက်ဖျက်သိမ်းမှုအနေဖြင့် သိန်းနီ၊ ကွတ်ခိုင်၊ တန့်ယန်း၊ နမ္မတူ၊ ကျောက်မဲ၊ နောင်ချို၊ မိုးမိတ်နှင့် မဘိမ်းမြို့နယ်ရှစ်မြို့တို့၌ NLD ပါတီဝင်အားလုံး စုပေါင်းနုတ်ထွက်သွားခဲ့ပြီးဖြစ်ကြောင်း လားရှိုးမြို့နယ်၌ ပါတီဝင်ငါးဦး၊ မူဆယ်မြို့နယ်၌ ပါတီဝင်နှစ်ဦးနှင့် သီပေါမြို့နယ်၌ ပါတီဝင်ငါးဦး စုစုပေါင်း ပါတီဝင် ၁၃ ဦးတို့သာ လက်ကျန်ရှိတော့သည်။

(သတင်းစဉ်)

ရောဝတီတိုင်း ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းဆင်းပွဲ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်မှာကြား

နေပြည်တော် ဇွန် ၅

ရောဝတီတိုင်း အခြေခံပညာ အထက်တန်းအဆင့် အင်္ဂလိပ်၊ သင်္ချာနှင့် ရူပဗေဒဘာသာပြ ဆရာ၊ ဆရာမများ၏ ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းဆင်းပွဲကို မေ ၂၆ရက် နံနက် ၈ နာရီတွင် ပုသိမ်တက္ကသိုလ် ကန်သာယာခန်းမဦးကျင်းပရာ အခမ်းအနားသို့ ရောဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် ဦးစီးအရာရှိကြီးများ၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး သိန်းလှိုင်နှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပုသိမ်တက္ကသိုလ်ဒုတိယ ပါမောက္ခချုပ်ဦးလှတင့်နှင့် ပါမောက္ခများ၊ တိုင်းပညာရေးမှူး ဦးမြင့်ဆွေနှင့် ပညာရေးမှူးများ၊ သင်တန်းတက်ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေ့ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ဘာသာရပ်အလိုက် ထူးချွန်သင်တန်းသားများအား ဆုများပေးအပ်ချီးမြှင့်၍ ဒုတိယတိုင်းမှူးကသင်တန်းနည်းပြများအား ပညာရေးဝန်ကြီးဌာနဝန်ကြီး၏ ဘာသာရပ်သင်နည်းပြဂုဏ်ပြုလွှာများပေးအပ်သည်။

ထို့နောက် ပုသိမ်တက္ကသိုလ်ဒုတိယပါမောက္ခချုပ် ဦးလှတင့်နှင့် တိုင်းပညာရေးမှူး ဦးမြင့်ဆွေတို့က သင်တန်းတက်ဆရာ၊ဆရာမများ၏ ဘာသာရပ်အလိုက် သင်တန်းဆင်းလက်မှတ်များကို မြို့နယ်ကိုယ်စားလှယ် ဆရာ၊ဆရာမများထံပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ရောဝတီတိုင်းအတွင်းရှိ အခြေခံပညာကျောင်းများမှ အင်္ဂလိပ်၊ သင်္ချာနှင့် ရူပဗေဒဘာသာပြ ဆရာ ဆရာမများ၏ ဘာသာရပ်သင်ကျွမ်းကျင်မှု မွမ်းမံသင်တန်းဆင်းပွဲအခမ်းအနားတွင် ဘာသာရပ်အလိုက် ထူးချွန်ဆုရရှိသူ တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၆-၆-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၈။ အကပြိုင်ပွဲ
၈:၂၅ ၉။ ဆွာချောင်းရေလှောင်တမံ
၈:၃၀ ၁၀။ International News.
၈:၄၅ ၁၁။ Let's Go.
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English For Everyday Use.
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ
- ပထမနှစ်
(ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြုများ)
(ရူပဗေဒ)
၅:၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅:၁၅ ၆။ ခံစားနားဆင်တေးဓာတ်ဝင်
၅:၂၅ ၇။ **"မူးလျှင်မမောင်းနဲ့ မောင်းလျှင်မမူးနဲ့" (လူမင်း၊သူသူဟံသာ၊အိမ်အိမ်း) (ဒါရိုက်တာ-သက်တင်)**
၅:၃၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ အဆိုပြိုင်ပွဲ
၆:၅၀ ၁၂။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
၇:၀၅ ၁၃။ မြန်မာမှုပန်းဆယ်မျိုး (ပန်းတမော့)
၇:၂၀ ၁၄။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
၇:၃၅ ၁၅။ အလှပန်းများတိုးတက်ဝေဆာထုံးအိုင်နှင့်ခရားအတွင်း ကျေးရွာ
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အိပ်မက်ကမ္ဘာ"(အပိုင်း-၂၀) (ဇာတ်သိမ်းပိုင်း)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

ပဲခူးတိုင်းရှိ ကုန်ထုတ်သမဝါယမအသင်းများ ဝန်ကြီးဗိုလ်ချုပ်တင်ထွတ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၅

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၃ရက်တွင် ပဲခူးတိုင်း တောင်ငူမြို့နယ် ကန်ရိုးကျေးရွာအနီးရှိ ကေတုမတီငါးနှင့် ကြက်မွေးမြူရေး ကုန်ထုတ်သမဝါယမအသင်း လီမိတက်သို့ရောက်ရှိရာ ငါးတန်၊ ငါးမြစ်ချင်း၊ ငါးကြင်းဖြူ၊ ငါးမုတ်၊ တီလားပီးယားနှင့် ငါးဖယ်နမူနာများ၊ ငါးသားပေါက်မွေးမြူထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တင်ပြချက်များအပေါ် ဝန်ကြီးက ဖြည့်စွက်မှာကြား၍ ငါးမွေးမြူထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

တိုးတက်ထုတ်လုပ်

ယင်းနောက် ဝန်ကြီးသည် ဖြူးမြို့နယ် ညောင်ပင်သာကျေးရွာအနီးရှိ လူငယ်အားမာန် လယ်ယာကုန်ထုတ်သမဝါယမအသင်းသို့ ရောက်ရှိ၍ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက အသင်းပိုင်စိုက်ပျိုးကေများ ထပ်မံတိုးချဲ့စိုက်ပျိုးကြရေး၊ စပါးနှင့် ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုး၊ ကြံစိုက်ပျိုးမှုတစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် အဆင့်မြင့်နည်းပညာနှင့် နည်းစနစ်များအသုံးပြုရေး၊ စိုက်ပျိုးရေးနည်းပညာရှင်များ အသုံးပြု၍ လယ်ယာထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးတို့ကို မှာကြားသည်။

မှာကြား

ထို့နောက် ဝန်ကြီးက ပဲခူးတိုင်းမှ ဝန်ထမ်းများနှင့် အသင်းသားများအား လက်ရှိနိုင်ငံတော်က ကျင့်သုံးလျက်ရှိသော ဈေးကွက်စီးပွားရေးစနစ်နှင့် အံဝင်ခွင်ကျဖြစ်စေမည့် နည်းလမ်းများ ရှာဖွေလုပ်ဆောင်ကြရန်၊ ပြည်သူနှင့် ထိတွေ့ဆက်ဆံရသော ဝန်ထမ်းများဖြစ်၍ ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုရရှိရေး အလေးထားဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်၏ စီးပွားရေးကို အထောက်အကူပြုနေသော သမဝါယမအသင်းများက စည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံတော်၏ ဝင်ငွေတိုးတက်ရရှိရေး၊ ပြည်သူများ၏ တစ်ဦးချင်းဝင်ငွေ တိုးတက်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်အား ဖြူးမြို့နယ် လူငယ်အားမာန် လယ်ယာကုန်ထုတ် သမဝါယမအသင်း တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။ (သမဝါယမ)

ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ပညာသင်စရိတ် ထောက်ပံ့ငွေ ပေးအပ်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၅

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံးရှိ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများ၏ သားသမီးများအား ၂၀၀၆–၂၀၀၇ခုနှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ငွေ ပေးအပ်ပွဲနှင့် မှုခင်းကြိုးပမ်းဖော်ထုတ်ခဲ့သည့် တပ်ဖွဲ့ဝင်များအား ဆုချီးမြှင့်သည့် အခမ်းအနားကို ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံးရှိ လုပ်ငန်းညှိနှိုင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှမင်း၊ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး၊ ကြို့မဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ ဌာနခွဲမှူးများ၊ ဦးစီးအရာရှိများ၊ ဌာနစုမှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှမင်းက တပ်ဖွဲ့ဝင် မိသားစုများအား ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် မှုခင်းကြိုးပမ်းဖော်ထုတ်နိုင်ခဲ့သည့် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှမင်းက ဌာနခွဲမှူးများထံသို့ ပညာသင်စရိတ် ထောက်ပံ့ငွေ ကျပ် ၂၈၃၁၅၀၀ ကို လည်းကောင်း၊ ဒဂုံတောင်၊ ဒဂုံအရှေ့၊ သာကေတ၊ ကြည့်မြင်တိုင်၊ အင်းစိန်၊ ဗဟန်း ရဲစခန်းတို့ရှိ အမှုများမှ တရားခံများနှင့် သက်သေခံပစ္စည်း များအား အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးပေးခဲ့သော ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းအကူဌာနစုမှ ရဲအုပ်မြတ်ခိုင်နှင့် တပ်ဖွဲ့ဝင်များအား ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံးနှင့် ခရိုင်ရဲတပ်ဖွဲ့များက ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်နှစ်သိန်းကို လည်းကောင်း ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မှုခင်းများအား အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးပေးခဲ့သော ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းအကူဌာနစု ရဲအုပ်မြတ်ခိုင်အား ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှမင်းက ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်နှစ်သိန်းပေးအပ်ချီးမြှင့်စဉ်။ (ရန်ကုန်တိုင်းရဲတပ်ဖွဲ့)

ရန်ကုန် မဟာစည်သာသနာ့ရိပ်သာ ဓမ္မဗိမာန်တော်ကြီး တည်ဆောက်ရေးလုပ်ငန်းအတွက် မဟာစည်ရိပ်သာ ဟိတေသီအဖွဲ့ ဂုဏ်ထူးဆောင် အမှုဆောင်နှင့် ဗုဒ္ဓဂယာ ဘုရားဖူးများ တိုးတက်ပြန့်ပွားရေးအဖွဲ့ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဦးစိုးသိမ်း၊ အမှုဆောင် ဒေါ်ယဉ်ယဉ်နု (မြတ်မွန်ရတနာသက်န်းတိုက်၊ ဗဟန်း) မိသားစုတို့က အလှူငွေကျပ် ၁၀၀၅၀၀ လှူဒါန်းရာ မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်ဝမ် ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

ရွှေသင်္ကန်းကပ်လှူရန် လှူဒါန်း

ရန်ကုန် ဇွန် ၅

ညောင်ဦးမြို့ သမိုင်းဝင် ရွှေစည်းခုံဘုရားကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်အတွက် ရန်ကုန် ကမာရွတ်မြို့နယ် (၄)ရပ်ကွက် ရွှေပုန်းညက် အိမ်ရာနေ ဒုတိယဗိုလ်မှူးကြီးဘလွင်(ငြိမ်း)၊ ဇနီး ဒေါ်ရင်မေတို့အား ရည်စူး၍ ဒေါ်ရင်ရင်မေမိသားစုက ကြာသွပ်အိုးတစ်လုံးအတွက် အလှူငွေကျပ် ၂၅၀၀၀၀ **(အောက်ပုံ)**၊ မြောက်ဥက္ကလာပမြို့နယ် မေဓာဝီလမ်းနေ ဦးခင်မောင်အေး–ဒေါ်ကျင်အေးမိသားစုက နှစ်လက်မပတ်လည် ရွှေသုံးဆိုင်း ကျပ် ၄၈၀၀၀၊ ရန်ကင်းမြို့နယ် အရှေ့ရန်ကင်းနေ ဒေါ်မူမူနှင့် သမီး မရတနာဦး မိသားစုက ၁၂ လက်မ ရွှေချပြီးတစ်ချပ် ကျပ် ၇၀၀၀၊ ပုဇွန်တောင်မြို့နယ် (၁)ရပ်ကွက် ၅၂ လမ်းနေ ဒေါ်ခင်မြင့်မြင့်မိသားစုက နှစ်လက်မပတ်လည် ရွှေတစ်ဆိုင်း ကျပ် ၁၆၀၀၀ တို့ကို မေ ၂၉ ရက်က ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့ရုံး၊ အင်းစိန်သို့ လာရောက်လှူဒါန်းရာ ရွှေစည်းခုံဘုရားကြီး ဂေါပကအဖွဲ့ကိုယ်စား ဆီမီး ၉၉၀၀ အဖွဲ့နာယက ဦးစိုးဝင်း၊ အတွင်းရေးမှူး ဦးခင်မောင်ညွန့်၊ ဘဏ္ဍာရေးမှူး ဒေါ်အမာဆွေနှင့် အမှုဆောင်အဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ (၆၁)

အိမ်မဲမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇွန် ၅

အိမ်မဲမြို့နယ်အသင်း (ရန်ကုန်)၏ တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းပွဲကို ဇူလိုင် ၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် တောင်ဥက္ကလာပမြို့နယ်၊ သံသုမာလမ်း (၆)ဝိုင်း၊ အိမ်မဲကျောင်း၊ ဇေတဝန်ကျောင်းတော်ကြီး၌ ကျင်းပမည်ဖြစ်၍ မြို့နယ်သူ၊ မြို့နယ်သားများနှင့် အသင်းဝင်များအား ဖိတ်ကြားထားကြောင်း သိရသည်။

ဆက်သွယ်လှူဒါန်းနိုင်

သင်္ကန်း၊ ဆွမ်း၊ ဆေး စသည်တို့ကို လှူဒါန်းလိုသူများသည်ဥက္ကဋ္ဌ ဦးအောင်တင် ဖုန်း–၂၅၁၃၂၃၊ ဒုတိယဥက္ကဋ္ဌ ဦးတင်သိန်း ဖုန်း–၂၄၆၉၃၇၊ အတွင်းရေးမှူး ဦးမြင့်စိုး ဖုန်း–၀၉–၅၀–၁၄၉၄၃ တွဲဖက်အတွင်းရေးမှူး၊ ဦးဝင်းနိုင် ဖုန်း–၆၆၂၄၆၇၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်မြဦး ဖုန်း–၂၉၉၉၆၅နှင့် အမှုဆောင် ဒေါ်စီစီ ဖုန်း–၂၂၅၂၄၉၊ ဦးအောင်ဝင်း ဖုန်း–၃၇၈၂၀၅၊ ဦးခင်မောင်သန်း ဖုန်း–၆၆၅၃၄၆၊ ဦးကြည်ဦး ဖုန်း–၅၂၄၄၆၀၊ အကျိုးဆောင် ဦးသိန်းလွင် ဖုန်း–၆၆၁၃၄၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

6–6–၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၇:၁၅ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၄:၁၅ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၅ ၅။ လက်စွမ်းပြဟန် ဂီတသံ
- ၄:၃၅ ၆။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၅:၀၀ ၈။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၉။ ပညာခေတ်
- ၅:၄၅ ၁၀။ သံသာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နန်းတွင်းရတနာ (၄၈)" (အပိုင်း–၃၁)**
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ ကျန်းမာသုတ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သတ္တိ ဇွတ္တိ" (အပိုင်း–၇)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဘိန်းဖြူများဖမ်းဆီးရမိ

ရန်ကုန် ဇွန် ၅

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါးသည် ကမ္ဘာ့လူသားတစ်ရပ်လုံးအတွက် အန္တရာယ်ဖြစ်သဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ် ရှုမြင်ပြီး အစွမ်းကုန်ဆောင်ရွက်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသဖြင့် အောင်မြင်မှုများလည်းရရှိခဲ့သည်။ နိုင်ငံတကာနှင့် ဆက်စပ်နေသော မူးယစ်ဆေးဝါးဂိုဏ်းကြီးကိုပင် ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။ နိုင်ငံ၏ သယံဇာတ အရင်းအမြစ်များကိုအခြေခံပြီး ပြင်ပမှအကူအညီရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ မူးယစ်ဆေးဝါး ပပျောက်ရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်သာ ဖြစ်သည်။

ထိုသို့ကြိုးပမ်းလျက်ရှိရာ မေ ၂၂ရက် နံနက် ၈နာရီ ၂၅မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ဗန်ကောက်မြို့သို့ ထွက်ခွာမည့် ခရီးသည်တစ်ဦးထံမှ ဘိန်းဖြူများကို ဖမ်းဆီးရမိခဲ့သည်။

ဖြစ်ပွားပုံမှာ ထိုင်းလေကြောင်းခရီးစဉ်အမှတ် (TG-304) ဖြင့်လိုက်ပါမည့် တရုတ်(တိုင်ပေ)မှ KUO MEI LING (၂၆နှစ်)အား ခရီးသည်စစ်ဆေးရေးဌာန၌စစ်ဆေးရာ ၎င်း၏ခန္ဓာကိုယ်တွင်ပတ်၍ သယ်ဆောင်လာသည့် ဘိန်းဖြူ ၀ ဒသမ ၈၅ကီလို ကာလတန်ဖိုးငွေကျပ် သိန်း ၆၈၀ခန့်ကို တွေ့ရှိသိမ်းဆည်းနိုင်ခဲ့သဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ မန္တလေးမြို့၌ ကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇွန် ၅

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်က ကြီးမှူး၍ ၂၀၀၆ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ၂၀၀၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ နံနက်တွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကိုယ်စား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် ဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မန္တလေးရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ပါမောက္ခများ၊ ကျောင်းအုပ်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသား ကော်မရှင် ဥက္ကဋ္ဌ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်**(အပေါ်ပုံ)**က အမှာစကားပြောကြားရာတွင် ယခုနှစ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ဆောင်ပုဒ်အဖြစ် **"သဲကန္တာရတားဆီးရေး၊ ခြောက်သွေ့မြေများ ထိန်းသိမ်းပေး"** ဟု ရွေးချယ်သတ်မှတ်ထားကြောင်း၊ မန္တလေးမြို့သည် အပူပိုင်းဒေသတွင် တည်ရှိပြီး မြန်မာနိုင်ငံ၏ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးကို အဓိက ဆောင်ရွက်နေသော သစ်တောရေးရာဝန်ကြီးဌာန၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန တည်ရှိရာမြို့ဖြစ်ကြောင်း၊ ထို့ကြောင့် ဤအခမ်းအနားကျင်းပရန် မန္တလေးမြို့ကို ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း။

ယခုနှစ် ဆောင်ပုဒ်မှာ ကမ္ဘာ့မြေမျက်နှာပြင်၏ ၄၀ ရာခိုင်နှုန်းကျော်ရှိသော ခြောက်သွေ့မြေများ ထိန်းသိမ်းကာကွယ်ရေး အရေးကြီးပုံကို အလေးပေးထားကြောင်း၊ သဲကန္တာရဖြစ်ထွန်းမှု၏ အဓိကအကြောင်းရင်းများမှာ သစ်တောပြုန်းတီးမှု၊ အလွန်အကျွံ စိုက်ပျိုးမှု၊ စားကျက်မြေအဖြစ် လွန်ကဲစွာ အသုံးပြုမှု၊ မြေယာစီမံခန့်ခွဲခြင်း ညံ့ဖျင်းမှု၊ မိုးခေါင်မှုနှင့် လေ၊ ရေ တိုက်စားမှုတို့ကြောင့် မြေဆီလွှာ ဆုံးရှုံးမှုတို့ကြောင့်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအလယ်ပိုင်း ပူပြင်းခြောက်သွေ့ဒေသမှာ နိုင်ငံ့မြေဧရိယာ၏ ၁၀ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ဤဒေသအတွင်းရှိ မြေလွှာယိုယွင်းပျက်စီးမှုကို ထိန်းသိမ်းရန် အရေးတကြီးလိုအပ်ကြောင်း၊ သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ၁၉၉၄ ခုနှစ်မှ စတင်၍ ကိုးခရိုင်စိမ်းလန်းစိုပြည်ရေး (၃)နှစ်စီမံကိန်းကို စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၉၇ ခုနှစ်တွင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနကို ဖွဲ့စည်းခဲ့ပြီး အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ကြောင်း။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်းကို ၁၉၉၇ ခုနှစ်တွင် အတည်ပြု လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း၊ ကွန်ဗင်းရှင်းအရ အဖွဲ့ဝင် ဖွံ့ဖြိုးဆဲနိုင်ငံများမှာ ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးနှင့် မြေဆီလွှာယိုယွင်းမှု တိုက်ဖျက်ရေးဆိုင်ရာ စီမံချက်နှင့် လုပ်ငန်းစဉ်များ ရေးဆွဲပြီး ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေး၊ အမျိုးသားလုပ်ငန်းဆောင်ရွက်မှု အစီအစဉ်ကိုလည်း ရေးဆွဲပြုစုပြီးဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့ နိုင်ငံအားလုံး၏ ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပြဿနာရပ်များကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် စဉ်းစားပြီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းခြင်းမပြုဘဲ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့ဘဝအရည်အသွေးများ ရေရှည်တည်တံ့အောင် မဆောင်ရွက်နိုင်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများအစီအစဉ် ခေတ္တညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်ရုံး ယာယီတာဝန်ခံအရာရှိ Mr. Onder Yucer က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် Mr. Kofi A Annan နှင့် ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် အမှုဆောင်ညွှန်ကြားရေးမှူး Dr. Klaus Topfer တို့၏ သဝဏ်လွှာများကို ဖတ်ကြားသည်။

ထို့နောက် မြန်မာနိုင်ငံပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်ဥက္ကဋ္ဌ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ၂၀၀၆ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသော မအေးမြင့်မြတ်စိုးအားလည်းကောင်း၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်းက ၂၀၀၆ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဒုတိယဆုရရှိသည့် မစိမ်းစိမ်းနှင့် တတိယဆုရရှိသူ ဦးစိုးမြင့်(စိုးရာဇာ သာစည်)တို့အားလည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအစီအစဉ် ခေတ္တညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်ရုံး ယာယီတာဝန်ခံ အရာရှိ Mr. Order Yucer က နှစ်သိမ့်ဆုများရရှိသော မနှင်းစုရည်နှင့် မောင်လင်းအောင်တို့အားလည်းကောင်း ဆုများအသီးသီး ချီးမြှင့်ကြသည်။

ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာပေး ဗီဒီယိုတေးသီချင်းများဖြင့် ပြသတင်ဆက်ခဲ့သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၆-၂၀၀၆ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	မြန်မာ့လက်မှုယွန်းအနုပညာ
၇း၂၅	ဆန်းသစ်တီထွင်လာသော မြန်မာ့ဖိုက်ဘာ
၇း၃၅	တေးဂီတအစီအစဉ်
၇း၄၀	သက်ရှည်ကျန်းမာဖို့ လမ်းလျှောက်ကြစို့
၈း၂၅	ပြည်တွင်းသတင်းအကျဉ်း
၈း၃၅	အဏ္ဏဝါထဲမှရတနာ (ကဏန်းပျော့)
၈း၄၅	တေးဂီတအစီအစဉ်
၈း၅၀	မိုးလေဝသခန့်မှန်းချက်
၈း၅၅	အရည်အသွေးထူးခြား မြန်မာ့ကျောက်မျက်များ
၉း၁၀	တေးဂီတအစီအစဉ်
၉း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၂၀	Sunday Talk
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	သွားကျန်းမာရေးနှင့်ဖက်ရှင်
၁၀း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၀	မြန်မာ့သစ်လုပ်ငန်း အမှတ်(၃)ပရိဘောဂစက်ရုံ
၁၀း၅၅	World Cup Special (Group-D)
၁၁း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅	Language LAB [ကမာရွတ် အ.မ.က(၂)]
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။



မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ သမိုင်းဝင်ကျိုက်သလွံစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် မေ ၂၆ ရက်က ကွယ်လွန်သူမိဘများဖြစ်ကြသော ဦးပစ်စင်-ဒေါ်ဖွားကြွယ်၊ ဒေါ်ငွေရင်၊ ဒေါ်သင်းမေ၊ အစ်မဒေါ်သိန်းမြင့် တို့အား ရည်စူး၍ သား ဦးငွေထွန်း-ဒေါ်ခင်နှင်းသစ်၊ သမီး မသဇင်ထွန်း(ရန်ကုန်)နေ မိသားစုက ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံရယူစဉ်။ (က-ပ)



မုတ်သုံလေ အားကောင်းမည်

၂၀၀၆ခုနှစ်၊ ဇွန် ၅ ရက် မွန်းလွဲ ၂ နာရီအချိန် ထုတ်ပြန်ချက်
ယနေ့နံနက် ၀၉း၃၀ နာရီအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီ အတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး၊ ကယားပြည်နယ်တွင် နေရာကွက်ကျား၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** သံတွဲမြို့တွင် ၈ ဒသမ ၀၇ လက်မ၊ ကျောက်ဖြူမြို့တွင် ၂ ဒသမ ၃၂ လက်မနှင့် ဟုမ္မလင်းမြို့တွင် ၂ ဒသမ ၀၁ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေ အားကောင်းနေသည်။

၂၀၀၆ ခုနှစ် ဇွန် ၆ ရက် ညနေအထိ ခန့်မှန်းချက်

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားကောင်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်	၂၉ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၈၅ဒီဂရီဖာရင်ဟိုက်)	၄-၆-၂၀၀၆
အနိမ့်ဆုံးအပူချိန်	၂၀ ဒသမ ၁ ဒီဂရီစင်တီဂရိတ် (၆၈ဒီဂရီဖာရင်ဟိုက်)	၅-၆-၂၀၀၆
၀၉း၃၀နာရီအချိန် စိုထိုင်းဆ	၉၂ ရာခိုင်နှုန်း	၅-၆-၂၀၀၆
နေပူသည့်နာရီပေါင်း	မရှိပါ	၄-၆-၂၀၀၆

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၅-၆-၂၀၀၆	(၀ဒသမ၁၆လက်မ)	(၀ဒသမ၂၀လက်မ)	(၀ဒသမ၄၈လက်မ)
၁-၁-၂၀၀၆ရက်မှ ယနေ့အထိ	(၁၆ဒသမ၈၁လက်မ)	(၂၁ဒသမ၇၇လက်မ)	(၂၃ဒသမ၃၅လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၄-၆-၂၀၀၆ ရက်နေ့ ၂၃း၁၀ နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ ၁၂ မိုင်နှုန်း တိုက်ခတ်သည်။

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ စီမံရေးရာဌာနက ကြီးမှူးဖွင့်လှစ်သော စီမံခန့်ခွဲရေးသင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသမီးရေးရာ စီမံခန့်ခွဲရေးသင်တန်းဖွင့်

ရန်ကုန် ဇွန် ၅

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ စီမံရေးရာဌာနက ကြီးမှူးဖွင့်လှစ်သော စီမံခန့်ခွဲရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရှင်စောပုခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက အမှာစကားပြောကြားသည်။

၅၂ ဦး

အဆိုပါ သင်တန်းသို့ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဝင် သင်တန်းသူ ၅၂ ဦးတက်ရောက်ကြ၍ သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

ကြေးပိဋကတ်တော်ပြုလုပ်ရန်အတွက် ငွေလှူ

ရန်ကုန် ဇွန် ၅

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ရေခဲဆိုင်မှတ်တိုင်ရှေ့၊ ကျောင်းတော်ရာ ရွှေကျင်တိုက်၊ မင်္ဂလာတိုက်ကျောင်းတွင် ဆရာတော် ဘဒ္ဒန္တ ဉာဏ ဦးဆောင်ပြီး ကြေးပဋိကတ်တစ်ဆူ ပြုလုပ်လျက်ရှိသည်။ အဆိုပါ ကြေးပိဋကတ်တော်အတွက် အဘိုးအဘွားများနှင့် မိဘ ဦးဘန်ချွန်-ဒေါ်ကြီယာတို့အား ရည်စူး၍ အနော်ရထာလမ်းနေ ဦးကျံုခင်နှင့် မောင်နမမိသားစု၊ ကွယ်လွန်သူ မိဘ ဦးလှကြီးနှင့် ဒေါ်ကြည်ကြည်အား ရည်စူး၍ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာနေ ဒေါ်မေသက်နွယ်နှင့် ညီအစ်မတစ်စု၊ တာမွေမြို့နယ်၊ အရိုးကုန်းလမ်းနေ ဦးညီညီလှ-ဒေါ်သန်း နှရွှေ၊ သမီး မဖြိုးမြတ် ကေသွယ်၊ ကွယ်လွန်သူ မိဘနှစ်ပါးကို ရည်စူး၍ ဒဂုံမြို့သစ် မြောက်ပိုင်း၊ ၄၆ ရပ်ကွက်နေ ဒေါ်စောတင်၊ ကွယ်လွန်သူ နှစ်ဖက်မိဘများကို ရည်စူး၍ ဒဂုံမြို့သစ် မြောက်ပိုင်း၊ ၄၆ ရပ်ကွက်နေ ဦးထွန်း အောင်ကျော်-ဒေါ်သာနုအေးမိသားစု၊ လှိုင်မြို့နယ် ၁၃ ရပ်ကွက်၊ သီရိမြိုင် လမ်းမကြီးနေ ဦးကြည်အောင် - ဒေါ်ကြင်ပု မိသားစု၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ ၈၇ လမ်းနေ ဦးအောင်ခင်-ဒေါ်တင်တင်ရီ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ ၈၇လမ်းနေ ဘိုးဘွားမိဘများနှင့် ဒေါ်တင်တင်ရီ ညီအစ်မ သားချင်းတစ်စု၊ ဒဂုံမြို့နယ်၊ မနော်ဟရီလမ်းနေ ဒေါ်တင်တင်ရီနှင့် တူမ ဒေါက်တာ နှင်းသန္တာအောင်၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ စိတ္တသုခလမ်းနေ ဒေါ်ရီရီ၊ သား မောင်နေမျိုးအောင်၊ မောင်သန်းဌေးအောင်-မမိုးသီင်္ဂဝင်း၊ မြေး မိုးပြည့်ပြည့်အောင်တို့က ကြေးပြားတစ်ချပ်စီ အသီးသီး လာရောက်လှူဒါန်းကြသည်။ (က-ပ)

မူးယစ် ဆန့်ကျင် အောင်ပွဲဆင်

❑ ကျောဖုံးမှ

ဘရာဇီးအသင်းအတွက် အရှုံးပေါ် ခဲ့ရသည့် နောက်ဆုံးပွဲမှာ လွန်ခဲ့သည့်နှစ်က ကွန်ဖက်ဒရေးရှင်းဖလား ဘောလုံးပြိုင်ပွဲတွင် မက္ကဆီကိုအသင်းနှင့် ယှဉ်ပြိုင်ကစားသောပွဲဖြစ်သည်။

ဘရာဇီးအသင်းသည် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲလုပ်ရှားမှုအဖြစ် ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ဇွန် ၁၃ ရက်၌ ခရိုအေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဘရာဇီးအသင်းသည် အုပ်စု(စ)တွင် ဩစတြေးလျနှင့် ဂျပန်အသင်းတို့နှင့်လည်း တွေ့ဆုံရန်ရှိသည်။ **_အင်တာနက်။_**

❁ အီလက်ထရွန်နစ်မှ

ဂျပန်နိုင်ငံသည် အီလက်ထရွန်နစ် စက္ကူရောင်းချမှုကို မြှင့်တင်လျက်ရှိပြီး လက်ရှိဘဏ္ဍာရေးနှစ်တွင် ယန်းငွေ ၁၀ ဒသမ ၅၈ ဘီလီယံ (အမေရိကန်ဒေါ်လာ ၉၄ ဒသမ ၇ သန်း)ဖိုး အထိ တင်ပို့ရောင်းချနိုင်မည်ဟု ခန့်မှန်းရကြောင်း ယာနို သုတေသနသိပ္ပံက ပြောကြားသည်။

ဂျပန်နိုင်ငံသည် အီး-ပေပါ တင်ပို့ ရောင်းချမှုကို ၂၀၀၈ ခုနှစ်တွင် ယန်း ၁၉ ဒသမ ၉၆ ဘီလီယံဖိုး၊ ၂၀၁၀ ပြည့်နှစ်တွင် ယန်း ၅၇ ဒသမ ၂၄ ဘီလီယံဖိုး တိုးမြှင့်တင်ပို့နိုင်မည်ဟု အဆိုပါသိပ္ပံက ခန့်မှန်းသည်။

စက္ကူပေါ်ရှိ စာသားများကို ပြန်လည်ပြင်ဆင်ရေးသားနိုင်စေရန် ရည်ရွယ်လျက် အီး-ပေပါ နည်းပညာကို သိပ္ပံပညာရှင်များ တီထွင်ဖော်ထုတ်ခဲ့ကြခြင်းဖြစ်သည်။ အော်ဂင်းနစ် အီလက်ထရွန်နစ်ဖြင့် ပြုလုပ်ထားသော အီလက်ထရွန်နစ်စက္ကူတွင် အလွန်သေးငယ်သည့် ဘောစေ့ငယ်များပါရှိပြီး လျှပ်စစ်ထုတ်လွှတ်မှုတစ်ရပ်ကို တုံ့ပြန်နိုင်စွမ်းရှိသည်။ ကွန်ပျူတာ မြင်ကွင်းဖန်သားပြင်ပေါ်တွင် ဂရပ်ဖစ်ပုံရိပ်၏ အမှတ်စက်များ ပြောင်းလဲမှုနှင့်အညီ အီး-ပေပါကို ပြင်ဆင်ပြောင်းလဲနိုင်သည်။

ကွန်ပျူတာ၏ မြင်ကွင်းဖန်သားပြင် (မော်နီတာ) အကန့်အသတ်ဖြင့်သာ လျှင်ရှိနေသည့် ပြဿနာကို ကျော်လွှားလွန်မြောက်နိုင်စေရန် ရည်ရွယ်လျက် အီလက်ထရွန်နစ်စက္ကူကို တီထွင်ခဲ့ခြင်းဖြစ်သည်။

ကွန်ပျူတာ မြင်ကွင်းဖန်သားပြင် (မော်နီတာ)ကို ကာလကြာရှည်စွာ စူးစိုက်ကြည့်ရှုပါက အလင်းပြန်ခြင်းကြောင့် မျက်စိထိခိုက်နိုင်မည်ဖြစ်သော်လည်း အီး-ပေပါ အသုံးပြုခြင်းဖြင့် သာမန်ရိုးရိုးစက္ကူပေါ်ရှိ စာသားနှင့် ပုံများကို ကြည့်ရှုရဘိသကဲ့သို့ အလင်းပြန်သည့် အခြေအနေမျိုးရှိတော့မည် မဟုတ်ပေ။ **_အင်တာနက်။_**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ၄ဝါလမ်းနေ ဦးအထူး ဒေါ်စန်းစန်းဝင်း မိသားစုက ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း (ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

မီးသုံးစွဲလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ

ကမ္ဘာ့ဖလားပွဲ အကြိုသတင်းများ

ချစ်ကြည်ရေးခြေစမ်းပွဲတွင် ကိုရီးယားအသင်း ဂါနာကိုရှုံး

အီဒင်ဘာ့ဂ် ဇွန် ၅

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအကြို ခြေစမ်းပွဲအဖြစ် ဂါနာအသင်းနှင့် တောင်ကိုရီးယားအသင်းတို့ အီဒင်ဘာ့ဂ်မြို့တွင် တနင်္ဂနွေနေ့က ယှဉ်ပြိုင်ကစားကြရာ ဂါနာအသင်းက တောင်ကိုရီးယားအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ဂါနာအသင်းသည် တောင်ကိုရီးယားအသင်းနည်းတူ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ပါဝင်ခွင့်ရရှိထားသော အသင်းဖြစ်သည်။

သရေကျ

တောင်ကိုရီးယားအသင်းသည် ပြီးခဲ့သည့် ကြာသပတေးနေ့က နော်ဝေအသင်းနှင့် ခြေစမ်းခဲ့ရာတွင် ဂိုးမရှိ သရေကျခဲ့သည်။ ယင်းပွဲတွင် ကိုရီးယားအသင်းက အရန်ကစားသမားများကို ပွဲထုတ်ခဲ့သော်လည်း ယခုပွဲတွင်မူ ဦးစားပေးကစားသမားအများစုကို ထုတ်သုံးရာမှ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ **_အင်တာနက်။_**



တောင်ကိုရီးယား အသင်းမှ ကီယွန်ဆိုးလ် (ဝဲ)က ဂါနာအသင်းမှ ဥန်မင်ဆာနှင့် ဘောလုံးယှဉ်လုရန် ကြိုးပမ်းစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ထိခိုက်ဒဏ်ရာရရှိသွားသော ဖီးလစ်ကိုကူးအား ဆေးဝန်ထမ်းတစ်ဦးက ပြုစုပေးနေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအကြို ခြေစမ်းပွဲတွင် ဒတ်ချ် ဘောလုံးသမားသုံးဦး ဒဏ်ရာရ

ရော့တာဒမ် (နယ်သာလန်) ဇွန် ၅

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအကြို ချစ်ကြည်ရေး ခြေစမ်းပွဲအဖြစ် နယ်သာလန်နိုင်ငံ ရော့တာဒမ်မြို့တွင် တနင်္ဂနွေနေ့က ဩစတြေးလျအသင်းနှင့် ယှဉ်ပြိုင်ကစားသည့် နယ်သာလန် အသင်းမှ ဘောလုံးသမားသုံးဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း ဇွန် ၅ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ပွဲစတင်အပြီး ကိုးမိနစ်အကြာတွင် နယ်သာလန်အသင်းက အဖွင့်ဂိုးသွင်းယူခဲ့သည်။ အက်ဒရေ အိုအိဂျာ ကန်သွင်းသော ဘောလုံးကို ဩစတြေးလျ ဂိုးသမား မာ့ခ်ရှဝါးဇားက ပိတ်ဆို့ခဲ့သော်လည်း ပြန်ကန်ထွက်လာသော ဘောလုံးကို ရုဒ်ဗန်နစ္စတယ်လ်ရွိုင်းက သွင်းယူနိုင်ခဲ့သည်။

အာဂျန်ရော်ဘင်နှင့် ဗန်ပါစီတို့ အတွဲက တောင်ပံကစားသမားအဖြစ် ပါဝင်ကစားခဲ့သည့် နယ်သာလန်အသင်းသည် ကစားပုံကောင်းမွန်သော်လည်း ဂိုးသွင်းနိုင်သော အခွင့်အရေးအများအပြားကို ပိုင်ပိုင်နိုင်နိုင်အသုံးမချနိုင်ခဲ့ပေ။

ပထမပိုင်းမပြီးဆုံးမီ ၁၀မိနစ်အလိုတွင် နယ်သာလန်အသင်းမှ ဖီးလစ်ကိုကူး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဒုတိယပိုင်း ပွဲကစားချိန်အတွင်း ဝက်စ်လီစနီဒါနှင့် ဂိုဗန်နီမန်ဘရွန်ခရော့စ်တို့မှာ ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့ကြသည်။

ဩစတြေးလျအသင်းသည် ဒုတိယပိုင်းစတင်ပြီး ကိုးမိနစ်အကြာတွင် ချေပဂိုးသွင်းယူခဲ့သည်။ ဩစတြေးလျအသင်းမှ အင်ကာဟီး၏ ချေပဂိုးနှင့်အတူ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ **_အင်တာနက်။_**

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင်အသင်းများ၏ ပုံရိပ်လွှာ

အုပ်စု(ခ)အသင်းများ၏ ကစားကွက်နည်းဗျူဟာ

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကြို

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဒုတိယနေ့တွင် အုပ်စု(ခ)မှ အသင်းများ ကစားကြမည်ဖြစ်ရာ ၎င်းအသင်းများ၏ ကစားကွက် နည်းဗျူဟာများကို လေ့လာတင်ပြသွားပါမည်။ ပရိသတ်များ သိကြသည့်အတိုင်းပင် အုပ်စု(ခ)တွင် အင်္ဂလန်သည် လူကြိုက်များ ရေပန်းစားသော အသင်းတစ်သင်းဖြစ်သည်။ သို့သော် ဧပြီ ၂၉ရက်က အင်္ဂလန်တိုက်စစ်မှူးလေး ဝိန်းရွန်နီတစ်ယောက် ခြေဖျားမှ ခြေချောင်းကလေးတစ်ချောင်း ကျိုးသွားသောကြောင့် အုပ်စု(ခ)၏ အခြေအနေများသည် ပြောင်းလဲသွားသည်။

ပါရာဂွေးအသင်း၏ ရှေ့တန်းတွင် အားထားရသော နယ်ဆင်ဟီး ဒိုဗဲဒက်ဇ်။

အင်္ဂလန်ဘောလုံးအသင်းနည်းပြ ဆဗင်ဂိုရန်အဲရစ်ဆင်။

သို့သော် လာမည့်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ခြေစွမ်းပြမည်ဟုယုံကြည်ထားသော ဝိန်းရွန်နီကို နည်းပြဆရာအဲရစ်ဆင်က ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသို့ ခေါ်သွားရန် ရည်ရွယ်ထားသည်။ ခေါင်းမာသည်ဟု ကျော်ကြားသော နည်းပြအဲရစ်ဆင်သည် အင်္ဂလန်ပရိသတ်များ တအံ့တဩဖြစ်သွားအောင် လုပ်ပြရမည်။

အဲရစ်ဆင်သည် ၄–၄–၂ အထိုင်ချကစားရန် ရည်ရွယ်ထားသည်။ ဤစနစ်က အရည်အသွေးပြည့်ဝသော ကစားသမားများအားလုံးကို ထည့်သွင်းအသုံးချ၍ရသည်။ အခြားပုံစံပြောင်းကစားဖို့ရန်နှင့် စမ်းသပ်ဖို့အတွက် အဲရစ်ဆင်မှာ အချိန်မရှိတော့ချေ။ သို့သော် အရန်ကစားကွက်အနေဖြင့် ၄–၁–၄–၁ ပုံစံ စီမံထားသည်။

ဂိုးသမားနေရာတွင် ပေါ်ရော်ဘင်ကို သုံးဖို့များသည်။ ဒေးဗစ်ကိုတော့ အရေးပေါ်အခြေအနေတွင် ဝင်ခိုင်းလိမ့်မည်။ နောက်တန်း၌ ဂျွန်တယ်ရီသည် အခရာဖြစ်သည်။ အကယ်၍ အခြေအနေမကောင်းခဲ့လျှင် အက်ရှ်လေကိုးလ် ဦးဆောင်ရမည်။

ရှေ့တန်းမှ အိုဝင်ကလည်း အင်ပြည့်အားပြည့် မကစားနိုင်သည့် အခြေအနေရှိသည့်အချိန်တွင် ၄–၁–၄–၁ အထိုင်ချကစားဖို့ အဲရစ်ဆင် စဉ်းစားထားသည်။ အဓိက ကွင်းလယ်ကစားသမားအဖြစ် သုံးမည်ဆိုလျှင် စပါးမှ မိုက်ကယ်ကာရစ်သာ အသင့်တော်ဆုံးဖြစ်သည်။ သို့သော် အဲရစ်ဆင်က သူ့အယူအဆကိုပြောင်းဖို့ တွန့်ဆုတ်နေသည်။

ပါရာဂွေးအသင်းသည် သမားရိုးကျကစားနည်းဖြစ်သော ၄–၄–၂ ပုံစံကစားမည်ဖြစ်သည်။ နောက်တန်းကို ဂါမာရာက ဦးဆောင်ကစားမည်။ တောင်အမေရိက အသင်းများတွင် ခံစစ်အကောင်းဆုံး ဖြစ်သည်။ နောက်ဆုံးခံစစ်ကြောင်း၌ ဂိုးသမားကြီး ချီလာဗတ်နေရာ၌ အစားထိုးဝင်ရောက်သော ဂျက်စတိုဗီလာ ရှိသည်။

ကွင်းလယ်၏ အဓိကကစားသမားများမှာ ဂျူလီအိုဒေါ့ဆန်းတိုစ်နှင့် အက်ဂါဘာရက်တို့ဖြစ်သည်။ ၎င်းနှစ်ဦးက ကွင်းလယ်မှ ထိန်းချုပ်ပြီး တိုက်စစ်ကို ပံ့ပိုးပေးမည်။ ထို့အပြင် ဘေးစွယ်မှနေပြီး ထိုးဖောက်ကစားမည်။

ရှေ့တန်းတွင် ဂျိုဆက်ကာဒိုဇိုနှင့် ရောကျူးဆန်တာခရုဇ်၊ နယ်ဆင်ဟီး

ဆွီဒင်ဘောလုံးအသင်း နည်းပြလားစ်လာဂါဘက်။

ဒိုဗဲလ်ဒက်ဇ်တို့ရှိသည်။ ပါရာဂွေး၏ အားထားရသည့် ရှေ့တန်းလူများဖြစ်သည်။

ဆွီဒင်သည်လည်း ၄–၄–၂ ပုံစံချထားသည်။ ကစားပုံအရ လူအနေအထား ပြောင်းသော်လည်း ကစားကွက် ပုံစံမှာ ၄–၄–၂ ပင် ဖြစ်သည်။ အစဉ်အဆက် ဆွီဒင်သည် နောက်တန်းခံစစ်ကြောင်း တောင့်တင်းသည်။ နောက်ဆုံးခံစစ်ကြောင်းကို အီအက်ဆန်ကတာဝန်ယူထားသည်။ မဲလ်ဘတ်က နောက်တန်း၌ အဓိကလူဖြစ်သည်။

အလယ်တန်းတွင် ယွန်းဘတ်က ဦးဆောင်မည်။ ဝီလ်ဟမ်ဆင်နှင့် လင်းဒါရို့သ်တို့က ရှေ့တန်းတိုက်စစ်

ဂမ်ဆိုင်း

ကို ပံ့ပိုးပေးမည်ဖြစ်သည်။ ဘေးစွယ်မှ ထွက်လာသော ဘောလုံးများကို ရှေ့တန်း တိုက်စစ်မှူးများဖြစ်သော လာဆင်၊ အီဗရာဟင်မိုဗစ်က အဆုံးသတ်ဂိုးအဖြစ် ဖန်တီးယူကြလိမ့်မည်ဖြစ်သည်။

ထရီနီဒက်နှင့် တိုဘာဂို၏ အဓိကကစားကွက်မှာ ၄–၄–၂ ဖြစ်သည်။ လိုအပ်သည့်အချိန်တွင် ၄–၄–၁–၁ ပြောင်း ကစားဖွယ်ရှိသည်။ ထို့အပြင် ၄–၃–၃ ကစားကွက်ကို စီမံထားသည်။ ရှေ့တန်းတိုက်စစ်တွင် ရက်ဆယ်လ်လာတာပီကို တင်ပြီး ကစားနိုင်သည်။ သို့ဖြစ်၍ ရှေ့တန်းတွင် ဒွိုက်ယော့စ်၊ စတန်းန်ဂျွန်း၊ လာတာပီတို့ ကစားဖွယ်ရှိသည်။

အထူးသဖြင့် ထရီနီဒက်နှင့် တိုဘာဂို၏ နောက်တန်းသည် အားပျော့သည်။ ထို့ကြောင့် ဂိုးသမား ကီဗင်ဂျက်စ်သည် ပြိုင်ဘက်၏ ထိုးဖောက်မှုများကို အပြင်းအထန် ကာကွယ်ရမည်ဖြစ်သည်။

အင်္ဂလန်အသင်းသည် ဂျမေကာအသင်းနှင့် ခြေစမ်းပွဲကစားရာတွင် ၄–၄–၂ ပုံစံဖြင့် ကစားသွားသည်။ ရွန်နီနေရာတွင် ပီတာခရပ်ချ်ကို ထည့်ကစားသည်။ ပီတာခရပ်ချ်နှင့် အိုဝင် အတွဲသည် ပြိုင်ဘက် နောက်တန်းကို ကောင်းစွာခြိမ်းခြောက် ကစားနိုင်သည်။

ဤအုပ်စုတွင် အသင်းအားလုံးသည် သမားရိုးကျ ကစားကွက်ဖြစ်သော ၄–၄–၂ ပုံစံဖြင့် ကစားကြဖွယ်ရှိသည်။ ကစားကွက် အပြောင်းအလဲလုပ်ကစားရန် အားသန်သော အသင်းများ မဟုတ်ချေ။ ဤကဲ့သို့သော ကစားကွက်ချင်းတူ နေကြသည့်အချိန်၌ ကစားအားကောင်းပြီး ကြံရည်ဖန်ရည်ကောင်းသော အသင်းများသာ အနိုင်ရတတ်သည်။ သို့ဖြစ်၍ စွမ်းရည်ကောင်းပြီး ကစားအားကောင်းသည့် ကစားသမား အစုအဖွဲ့များသော အသင်းများမှာ အင်္ဂလန်နှင့် ဆွီဒင်တို့ဖြစ်သည်။ ။

ဝိဇာတမွေးနေ့ အလှူတော်မင်္ဂလာနှင့် စာအောင်ဆုနှင်းသဘင်အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၅

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက် စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်ကြီး၌ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော် အရှင်သုန္ဒရ၏ (၅၁)နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော်မင်္ဂလာနှင့် စာအောင်ဆုနှင်းသဘင် အခမ်းအနားကို ယမန်နေ့ မွန်းတည့် ၁၂နာရီတွင် ကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ် ဒုတိယပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသက ဩဝါဒကထာချီးမြှင့်တော်မူပြီး နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသ အရှင်သူမြတ်က သာရဏီယကထာ မိန့်ကြားတော်မူသည်။

ယင်းနောက် စာအောင်သံဃာတော်များနှင့် လူပုဂ္ဂိုလ်များအား ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုဆုများ ဆက်ကပ်ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော် အရှင်သုန္ဒရနှင့် ဆရာတော်၊ သံဃာတော်များအား အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်နှင့် ဇနီး ဒေါ်နန်းရွှေယဉ်**(အပေါ်ပုံ)**နှင့် ဝဲလ်ကမ်းကုမ္ပဏီ အလှူရှင်မိသားစုတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ (၅၀၆)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်းနေ ဦးကျော်မိုး–ဒေါ်ရီရီသန်း၊ သမီး မိုးမြတ်သန္တာ၊ မိုးမြတ်မာလာ မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ–နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အိန္ဒိယနိုင်ငံ၊ ဗုဒ္ဓဂယာ၊ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်းတိုးချဲ့မြေကွက်သစ် ဝယ်ယူရန်အတွက် ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ သန်လျက်စွန်း ဓနိတော ရေနံလိုင်းနေ ဦးဝေဇင်က အလှူတော်ငွေကျပ်တစ်သိန်းကို ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ မြေနီကုန်းကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတွင် အရှင်ခေမာသီရိ(လှတော)ထံ မေ ၁၁ ရက်က ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရှောင်လေဝေးဝေး မူးယစ်ဆေး

ငွေကျပ်တစ်သိန်းလှူဒါန်း

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ပွဲစားလမ်းနေ ကိုဇော်လွမ်းမိုး–မချစ်စုလင်းတို့၏ (၁)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်တွင် သဃ်္ဃန်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက် ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

အမှာစကား

မြောက်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲ အခမ်းအနားကို ဇွန် ၃ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး၊ ဒုတိယတိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန္ဒာက အမှာစကားပြောကြားစဉ်။ (မိခင်/ကလေး)

ဂန့်ဂေါ–ဟားခါးလမ်းနှင့် ဟားခါး–ထန်တလန်လမ်းများ ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် မေ ၂၉ ရက် နံနက်ပိုင်းတွင် ဂန့်ဂေါမြို့မှ ဟားခါး–ဂန့်ဂေါလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး အဆိုပါလမ်းအပိုင်း၌ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၁၂)နှင့် ဂန့်ဂေါခရိုင်တို့မှ မိုးဦးကာလလမ်း၊ တံတားများ ကြိုတင်ဆောင်ရွက်ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးက မိုးရေများ လမ်းပေါ်၌တင်မနေအောင်နှင့် လမ်းဘေးရေမြောင်းများ၊ ရေထုတ်ပြွန်များမှ အချိန်တိုအတွင်း မှန်မှန်ကန်ကန် စီးဆင်းသွားနိုင်အောင် အမြဲစစ်ဆေးဆောင်ရွက်ကြရန်၊ တောင်မြေပြိုကျနိုင်မည့် နေရာများ၌ ကျောက်စီမြေထိန်းနံရံများ မနိမ့်မမြင့် ဆောင်ရွက်ပေးရန်တို့ကို မှာကြား၍ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

အဆိုပါ ဟားခါး–ဂန့်ဂေါလမ်းမှာ ချင်းပြည်နယ်မြောက်ပိုင်းရှိ မြို့များနှင့် ပြည်ပဆက်သွယ်သည့် အဓိကကျသည့် လမ်းမကြီးဖြစ်ပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ပေ ၃၀အကျယ် လမ်းတာ ချဲ့ခြင်း၊ ၁၂ ပေအကျယ် ခွဲကျောက်ခင်းခြင်း၊ ခွဲကျောက်ခင်းပြီး လမ်းအပိုင်းများကို ကတ္တရာလမ်းအဖြစ် တိုးမြှင့်တည်ဆောက်ပေးလျက်ရှိရာ ဟားခါး–ဂန့်ဂေါ လမ်းမိုင် ၇၇ မိုင် ၃ ဖာလုံ ရှိသည့်အနက် ယခုအခါ ကတ္တရာလမ်း ၁၃ မိုင် ၆ ဖာလုံနှင့် ကျောက်လမ်း ၆၃ မိုင် ၅ ဖာလုံရှိ၍ လိုအပ်သည့် ရေပြွန်များ၊ တံတားငယ်များ တည်ဆောက်လျက်ရှိသည်။

စာမျက်နှာ ၉ ကော်လံ ၅ သို့ ✻

နိုင်ငံတော်အစိုးရ၏ ဘက်စုံတိုးတက်အောင်ဆောင်ရွက်နေမှုကို ဝမ်းမြောက်စွာတွေ့မြင် ခံယူချက်အမျိုးမျိုး ကွဲပြားနေသည်ကို မလိုလားဘဲ နိုင်ငံတော်နှင့် ပူးပေါင်းဆောင်ရွက်လို ကွတ်ခိုင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၁၀ ဦးတို့ စုပေါင်းနုတ်ထွက်

ရန်ကုန် ဇွန် ၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ ဦးသိန်းမောင်၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးကိုလေး၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးခွန်အုန်း၊ အတွင်းရေးမှူး ဦးဝင်းမြင့်နိုင်(ခ) ခတ္တာ၊ တွဲဖက်အတွင်းရေးမှူး ဦးမောင်အုန်း၊ ဘဏ္ဍာရေးမှူး ဒေါ်ဘောက်ခေါန်၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးအယ်လ်ဖော်တန်(ခ) ကိုတူး၊ ဦးကျော်ဇံ(ခ)ဦးကြူဆန်း၊ စိုင်းထွန်းရင်နှင့် ဦးပေါမှန်တို့ ၁၀ ဦးသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်စာများကို စုပေါင်းလက်မှတ်ရေးထိုးကာ မေ ၁၀ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့အကြောင်းကြားခဲ့သည်။

ကွတ်ခိုင်မြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်သို့ ပေးပို့သော ကွတ်ခိုင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၁၀ ဦးတို့၏ နုတ်ထွက်လွှာတွင် ၎င်းတို့သည် ကွတ်ခိုင်မြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကို ၂၀၀၂ ခုနှစ်တွင် ဖွဲ့စည်းဖွင့်လှစ်ခဲ့ပြီး ပြည်သူ့အကျိုးကို အခြေခံသည့် ဒီမိုကရေစီစနစ် တည်ဆောက်၍ ဒေသ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် နိုင်ငံတော်အစိုးရနှင့် လက်တွဲဆောင်ရွက်ရန် ရည်ရွယ်၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိ နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်း၌ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ဘာသာရေး စသည့် ဘက်စုံကဏ္ဍများတွင် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်ကို ဝမ်းမြောက်စွာ မြင်တွေ့ရပါကြောင်း၊ ထိုသို့ မြင်တွေ့ရသည့်အတွက် နိုင်ငံတော်အတွင်း ခံယူချက်အမျိုးမျိုးဖြင့် အမျိုးမျိုးကွဲပြားစွာ ဆောင်ရွက်နေသည်ကို မလိုလားတော့ဘဲ

စာမျက်နှာ ၉ ကော်လံ ၅ သို့ ●

ဂျပန် ဟီတာချီကုမ္ပဏီက ထုတ်လုပ်ထားသော ကမ္ဘာ့အကြီးဆုံး အီး–ပေပါကို တွေ့ရစဉ်။ (အဆိုပါ အီး–ပေပါသည် အလျား ၁၀ လက်မ အနံ ၈ လက်မ ရှိသည်။) (ဓာတ်ပုံ–အင်တာနက်)

အီလက်ထရွန်နစ်စက္ကူ တင်ပို့ရောင်းချမှု ဂျပန်မြှင့်တင် လက်ရှိဘဏ္ဍာရေးနှစ်တွင် ယူနစ် ၁၂၉ သန်းရှိမည်

တိုကျို ဇွန် ၅

ဂျပန်နိုင်ငံ၏ အီလက်ထရွန်နစ်စက္ကူ (အီး–ပေပါ) တင်ပို့ရောင်းချမှုသည် ၂၀၀၆ ခုနှစ် ဘဏ္ဍာရေးနှစ် (၂၀၀၆ ခုနှစ် ဧပြီလမှ ၂၀၀၇ ခုနှစ် မတ်လအထိ)တွင် ယူနစ်ပေါင်း ၁၂၉ သန်းအထိ ရောက်ရှိကာ နှစ်အလိုက် နှိုင်းယှဉ်ချက်အရ ၉ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာမည်ဟု ခန့်မှန်းရကြောင်း ဂျပန်နိုင်ငံအခြေစိုက် ယာနို သုတေသနသိပ္ပံက ဇွန် ၅ ရက်တွင် ပြောကြားသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❁

ခြေစမ်းပွဲ၌ ဘရာဇီးက နယူးဇီလန်ကို ဂိုးပြတ်နိုင် ဘရာဇီးအသင်း ၁၀ ပွဲဆက်တိုက် ရှုံးပွဲမရှိစံချိန်ထိန်း

ဂျီနီဗာ ဇွန် ၅

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအကြို ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် ဘရာဇီးအသင်းနှင့် နယူးဇီလန်အသင်းတို့ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် တနင်္ဂနွေနေ့က ယှဉ်ပြိုင်ကစားရာ ဘရာဇီးအသင်းက လေးဂိုး–ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိသည်။

ကလပ်အသင်းတွင် ကစားခဲ့စဉ်က မကြာခဏ အသေးစားထိခိုက်ဒဏ်ရာရမှုများနှင့် တွေ့ကြုံခဲ့ရသော တိုက်စစ်မှူး ရိုနယ်ဒိုသည် ပထမပိုင်းမပြီးဆုံးမီ နှစ်မိနစ်အလိုတွင် ဘရာဇီးအသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။

အင်တာမီလန် အသင်းတွင် ကစားခဲ့စဉ်က ဂိုးသွင်းနိုင်မှု အားနည်းခဲ့သူ အက်ဒရီယာနိုမှာလည်း ယခုပွဲတွင် ပီပီပြင်ပြင် ကစားပြခဲ့သည်။ အက်ဒရီယာနိုသည် ဘရာဇီးအသင်းအတွက် ဒုတိယမြောက်ဂိုးကို ပထမပိုင်းအပြီး မကြာမီတွင် သွင်းယူနိုင်ခဲ့သည်။

ပွဲချိန် ၈၅ မိနစ်တွင် ကာကာက နယူးဇီလန်အသင်း၏ နောက်တန်းသမားများကို ထိုးဖောက်ကာ ဂိုးသွင်းနိုင်ခဲ့သည်။

ဒဏ်ရာရ လေလွင့်အစားဖြည့် အချိန်ပိုတွင် ဂျူနင်ဟိုပါနမ်ဘူကာနိုက ပွဲသိမ်းဂိုး သွင်းယူခဲ့သည်။

ဘရာဇီးအသင်းသည် ယခုပွဲနှင့်ပါဆိုလျှင် ၁၀ပွဲဆက်တိုက် ရှုံးပွဲမရှိ စံချိန်ကို ထိန်းထားနိုင်သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❑

ကြေးမုံ
The Mirror
ခင်
တာ
နက်
သ
တင်း
များ

ဇွန် ၅ ရက်က ဂျီနီဗာမြို့တွင် ကျင်းပသော ချစ်ကြည်ရေးခြေစမ်းပွဲတွင် ဘရာဇီးအသင်းမှ အက်ဒရီယာနို(ဝဲ)နှင့် နယူးဇီလန်အသင်းမှ အီဗန်ဗိုက်စ်လစ်ချ်တို့ ဘောလုံးရရှိရေး ယှဉ်ပြိုင်ကြစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ယနေ့မိုးလေဝသ

၆–၆–၂၀၀၆

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။